# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၇၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၂၃ ရက်၊ တနင်္ဂနွေနေ့။


## နိုင်ငံတော်သမ္မတဦးသိန်းစိန် ပါကစ္စတန်အမျိုးသားနေ့သဝဏ်လွှာများ ပေးပို့

**နေပြည်တော်  မတ်  ၂၃**

၂၀၁၄ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မမ်နွန်ဟူစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ◆

# ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးရုံများ ခေတ်နှင့်အညီတိုးတက်လာစေရေး ကြိုးပမ်း

**ရန်ကုန်  မတ်  ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီး(ရန်ကင်း)၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင်(၅၀၀) ဆံ့ အထူးကုဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့၌ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နံနက် ၈ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၉၀)သစ္စာလမ်းရှိ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း)သို့ ရောက်ရှိကြပြီး အရေးပေါ်ဌာန၊ သွေးလှူဘဏ်၊ ဆေးကုသဆောင်၊ နှလုံးခွဲစိတ်ကုသဆောင်၊ မွေးကင်းစကလေးကုသဆောင်၊ အထူးကြပ်မတ်ကုသဌာန၊ ခွဲစိတ်ခန်းမနှင့် ဆေးစတိုခန်းအပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်လွင်က ကျန်းမာရေးဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းပြီး ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီး (ရန်ကင်း) ဆေးကုသဆောင်အတွင်း လူနာများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)


ယနေ့ **မာတိကာ**

**ယူကရိန်းသို့ နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့ စေလွှတ်မည်** စာ » ၄

**မြန်မာနိုင်ငံ၏ မဟာဗျူဟာအရေးပါမှုကြောင့် မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုကောင်းမွန်မည်** စာ » ၇

**လားရှိုးမြို့၌ မဟာပုဒ္ဓဝင်ပြတိုက်ကြီးတည်ဆောက်မည်** စာ » ၁၀


**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပိုရှစ်မျက်နှာ ပါရှိပါသည်။

# ခရီးသွားဧည့်သည်များအတွက် အဆင့်မီစွာ ဖြစ်ထွန်းလာမည့် လားရှိုးမြို့မှ ရေပူစမ်းသဘာဝအပန်းဖြေစခန်း


သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**လားရှိုး  မတ်  ၂၂**

ခရီးသွားဧည့်သည်များကို အပန်းဖြေစရာ တစ်နေရာဖြစ်စေသည့် လားရှိုးမြို့မှ ရေပူစမ်းအပန်းဖြေစခန်းအား အဆင့်မြှင့်တင်မှုများ ပြုလုပ်တော့မည်ဖြစ်သည်။ နိုင်ငံတကာနှင့် ပြည်တွင်းမှ ခရီးသွားဧည့်သည်များအတွက် အဆင့်မီစွာ အပန်းဖြေနိုင်မည့် သဘာဝရေပူစမ်းတစ်ခုအဖြစ် ရောက်ရှိလာစေရန် အစီအစဉ်များ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

လားရှိုးမြို့ ပြည်ထောင်စုလမ်းမ၏ အရှေ့ဘက်မိုင်ဝက်ခန့်အကွာတွင်ရှိသော သဘာဝရေပူစမ်းအပန်းဖြေစခန်းကို အဆင့်မြှင့်တင်မှုပြုလုပ်ရန် ကုမ္ပဏီများကို ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူထားပြီးဖြစ်ရာ စိစစ်ရွေးချယ်မှုများ ပြုလုပ်တော့မည်ဖြစ်သည်။

လားရှိုးသဘာဝရေပူစမ်း အပန်းဖြေစခန်းသည် လက်ရှိအနေအထားတွင် ရေကန်နှစ်ကန်ရှိနေပြီး ပထမရေပူကန်၌ ရေညှိများ ဖြစ်ပေါ်နေသည်။ ဒုတိယရေပူကန်မှာ လာရောက်ကြသည့် ဧည့်သည်များ ရေပူစိမ်ခြင်း၊ ရေကူးခြင်းများ ပြုလုပ်နိုင်ရန် ရေညှိနှင့်အမှိုက်များ ကင်းစင်အောင် ဆောင်ရွက်ပေးထားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သုတအရင်းအမြစ်

“ဗဟုသစ္စဥ္စ” အကြားအမြင်များခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ကြောင်း ဗုဒ္ဓဘုရားရှင်က (၃၈)ဖြာ မင်္ဂလာတရားတော်တွင် ဟောကြားတော်မူခဲ့လေသည်။ ဗဟုသုတအကြားအမြင်များခြင်း ဖြင့် လူတို့၏ လုပ်ငန်းဆောင်တာအဖြာဖြာကို လုပ်ဆောင်နိုင်ခြင်း သည် မင်္ဂလာပင်ဖြစ်ပေသည်။ လိုလိုလားလားသင်ယူမှတ်သား ခြင်းဖြင့် အကြားအမြင်လည်း ပြည့်စုံ၏။ အကြားအမြင်ကြောင့် ပညာတိုးပွား၏။ ပညာဖြင့် အနက်အဓိပ္ပာယ်ကို သိနိုင်၏။ သိထားပြီးဖြစ်သော အနက်အဓိပ္ပာယ်သည် ချမ်းသာခြင်းကို ဆောင်ယူနိုင်၏။ ဤကား လောကနီတိပင်ဖြစ်၏။

ဗဟုသုတအကြားအမြင်များရန် သုတအရင်းအမြစ်များကို လေ့လာသည့်အလေ့အထများ ပြုလုပ်သင့်ပေ၏။ သတင်းစာဖတ်ခြင်း၊ ရေဒီယိုနားထောင်ခြင်း၊ ရုပ်မြင်သံကြားသတင်းကြည့်ရှုခြင်းနှင့် စာအုပ်စာပေများ ဖတ်ရှုခြင်းသည် သုတအရင်းအမြစ်များပင်ဖြစ်၏။ ဤအရင်းအမြစ်များမှ နေ့စဉ်ဗဟုသုတများစွာ တိုးပွားနိုင်၏။ နေ့စဉ်သတင်းအချက်အလက်များ သိရှိနိုင်၏။ သတင်းအချက်အလက်များမှတစ်ဆင့် ဗဟုသုတကို ရ၏။ ထိုဗဟုသုတများဖြင့် ပညာဉာဏ်ကို တိုးပွားစေ၏။ ထိုပညာဉာဏ်ဖြင့် ကြီးပွားချမ်းသာခြင်းကို ဆောင်ယူနိုင်၏။

နေ့စဉ် မိမိ၏ကိုယ်ပိုင်အားလပ်ချိန်ထဲမှ သတင်းစာဖတ်ခြင်း၊ ရေဒီယိုနားထောင်ခြင်း၊ ရုပ်မြင်သံကြားသတင်းကြည့်ရှုခြင်းနှင့် စာဖတ်ခြင်းအလုပ်ကို နေ့စဉ်ပုံမှန်ပြုလုပ်သွားသင့်၏။ သတင်းစာတစ်စောင်ကို အချိန်ရသည့်အခါ ဖတ်ရှုခြင်းဖြင့် ဗဟုသုတ တိုးပွားစေရုံမက အပျင်းလည်း ပြေစေနိုင်၏။ စာဖတ်ခြင်း အလုပ်သည် အချိန်ကို အကျိုးရှိစွာ အသုံးချခြင်း တစ်မျိုးပင်ဖြစ်၏။ စိတ်ကို စာဖတ်ခြင်းအလုပ်တွင် နစ်မြှုပ်ထားသဖြင့် အကုသိုလ်လည်း နည်း၏။ ထို့အတူ ရေဒီယိုငယ် တစ်လုံးဆောင်ထားပြီး အချိန်ရသည့်အခါ ရေဒီယိုနားထောင်ခြင်းဖြင့် ဗဟုသုတလည်းတိုး၊ အပျင်းလည်းပြေစေနိုင်၏။ ရုပ်မြင်သံကြားသတင်းများကိုလည်း အချိန်ရလျှင် ကြည့်ရှုသင့်၏။ ကျန်းမာသုတ၊ ပညာပေးသုတ၊ စီးပွားရေး၊ သိပ္ပံအစရှိသဖြင့် တွေ့ဆုံမေးမြန်းခန်းများမှ တစ်ဆင့် ဗဟုသုတများစွာ တိုးနိုင်၏။

သို့သော် သတင်းစာဖတ်သည်ဖြစ်စေ၊ ရေဒီယိုနားထောင်သည်ဖြစ်စေ၊ ရုပ်မြင်သံကြားကြည့်ရှုသည်ဖြစ်စေ မှတ်မှတ်သားသားရှိသင့်၏။ လုပ်ဆောင်သည့်အရာတိုင်း မေ့မေ့လျော့လျော့ သဘောမထားသင့်ပေ။ မှတ်သားသိရှိထားသည့် ဗဟုသုတများအပေါ် ဝေဖန်ခြင်း၊ သုံးသပ်ခြင်း၊ စဉ်းစားခြင်းများ ပြုသင့်၏။ သို့မှသာ အကြားအမြင်များနိုင်၏။ အကြားအမြင်များခြင်းဖြင့် အမှားကို အမှန်သိနိုင်၏။ အမှန်သိပြီး လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဘဝလမ်းကြောင်း ဖြောင့်မတ်တိုးတက်ကြီးပွားနိုင်၏။

သို့ပါ၍ လူတိုင်းလူတိုင်းသည် အကြားအမြင်များ၍ နေ့စဉ်ကိုယ်ပိုင်အချိန်လေးများကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် သုတအရင်းအမြစ်များမှတစ်ဆင့် ဗဟုသုတများ ရှာမှီးသင့်၏။ သုတအရင်းအမြစ်များ ရှာဖွေဖော်ထုတ်မှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ အစဉ်မွေးမြူသင့်၏။ နေ့စဉ် သုတအရင်းအမြစ်များ ရှာဖွေခြင်းဖြင့် တဖြည်းဖြည်းအသိဉာဏ်တိုးကာ ဘဝတိုးတက်ရေးအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## (၆၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စစ်စည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံဖွံ့ဖြိုးရေး များစွာအကျိုးပြုနိုင်မည်

**နေပြည်တော် မတ် ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၏ လေ့ကျင့်သင်ကြားမှုများအပေါ် ဘက်စုံလွှမ်းခြုံဆန်းစစ်မှုရလဒ်များအား အသိပေးဆွေးနွေးသည့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ရွှေပြည်တော်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များသည် အဓိကကျသည့်အပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ပါမှ ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုနိုင်ကြောင်း၊ အစဉ်တိုးတက်ပြောင်းလဲနေသော လူဦးရေ၊ နေရာဒေသ၊ လူမှုပတ်ဝန်းကျင်၊ ရောဂါဗေဒပိုင်းဆိုင်ရာများနှင့် လိုက်လျောညီထွေဖြစ်မည့်အချက်များနှင့် ညှိနှိုင်းပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ တိုးတက်လာမည့် လူနေမှုဘဝဟန်များနှင့် လိုက်လျောညီထွေသော၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်ကျယ်ကျယ်ပြန့်ပြန့်ရှိစေရန်၊ ကျန်းမာရေးအသိပညာဖြန့်ဖြူးနိုင်မည့် အရည်အချင်းမြင့်မားသည့် ကျန်းမာရေးလူ့စွမ်းအားစုများကို မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံတဝန်းလုံးရှိ ကျန်းမာရေးလူ့စွမ်းအားများအား လေ့ကျင့်သင်ကြားပေးနေသည့် တက္ကသိုလ်၊ သင်တန်းကျောင်းများနှင့် လေ့ကျင့်ရေးဌာနများ၏ လေ့ကျင့်သင်ကြားမှုများ၏ ဆန်းစစ်မှုရလဒ်များကို အသိပေးဆွေးနွေးကြပြီး အစည်းအဝေးရလဒ်များအား အကျိုးရှိစွာ အသုံးချကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လျှပ်စစ်ဓာတ်အားခများ ပြောင်းလဲကောက်ခံခြင်းအကြောင်း ပြည်သူများသို့ အသိပေးရှင်းလင်းပွဲကို မတ် ၂၁ ရက်က စမ်းချောင်းမြို့နယ် အထက(၃)၌ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ စမ်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးဦးမင်းအောင်က ရှင်းလင်းတင်ပြစဉ်။** (ရှင်းလင်းပွဲသို့ စမ်းချမ်းတောင်/မြောက်၊ ရှင်စောပုနှင့် အောင်ချမ်းသာ ရပ်ကွက်တို့မှ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ လူမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။) (ဝ၄၂)

## သရက်မြို့၌ကျန်ရစ်သူ ပင်စင်ငွေလုံးငွေရင်းပေးအပ်ပွဲကျင်းပ

**သရက် မတ် ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျန်ရစ်သူ ပင်စင် ငွေလုံးငွေရင်း ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်လူမှုဖူလုံရေးရုံးညှိခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် သရက်မြို့နယ် လူမှုဖူလုံရေးရုံး ရုံးခွဲတာဝန်ခံ ဒေါ်ခင်ချိုဝင်းက အကျိုးဝင်သော အမှတ်(၃၁) အကြီးစားစက်ရုံမှ အာမခံအလုပ်သမား ဦးမြငြိမ်း၏ဇနီးအား ကျန်ရစ်သူ ပင်စင်ငွေလုံးငွေရင်း ၁၄၇၂၂၆၆ ကျပ် ၂၀ ပြားကို ပေးအပ်ခဲ့သည်။

**တက်ရောက်**

ယင်းအခမ်းအနားသို့ အမှတ်(၃၁) အကြီးစားစက်ရုံမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လူမှုဖူလုံရေးရုံးမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(iprd)**

**အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တော သစ်ပင်တွေ ထိန်းသိမ်းစို့**

## ပြည်တွင်းသတင်း

◆ **ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာနဝစ်ဇ် ရှာရစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

✪ *ကျောဖုံးမှ*

တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေယာဉ် အောင်ဇေယျပေါ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လေ့ကျင့်ခန်းကိုဦးဆောင်ပြီး လေ့ကျင့်ခန်းကွပ်ကဲရေးမှူးက လေ့ကျင့်ခန်းနှင့်ပတ်သက်၍ အကြောင်းအရာဖြစ်စဉ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လေ့ကျင့်ခန်းကွပ်ကဲရေးမှူးနှင့် စစ်ရေယာဉ်မှူးများသည် သက်ဆိုင်ရာ စစ်ရေယာဉ်များသို့ ပြန်လည်ထွက်ခွာပြီး လေ့ကျင့်ခန်းကို အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်းမှစတင်၍ ရန်သူ့ရေယာဉ်များထံ ချီတက်ချဉ်းကပ်ခြင်း၊ ရန်သူ့ရေယာဉ်များနှင့် ရေပြင်တိုက်စစ်ဆင်နွှဲခြင်း၊ ရေယာဉ်များပြန်လည်စုဖွဲ့ခြင်း၊ ပြင်ဆင်ခြင်းတို့ကို အပိုင်းလိုက်ဆောင်ရွက်ခဲ့သည်။ ရန်သူကိုချေမှုန်းရန် စတင်ချီတက်ချိန်မှ ချေမှုန်းပြီးစီးချိန်အထိ Single Line Formation၊ Diamond Formation၊ Circular Formation၊ Cruising Formation၊ Formation Arrow Head နှင့် Line Abreast Formation များဖြင့် ရန်သူ၏တုံ့ပြန်တိုက်ခိုက်မှုအလိုက် တပ်ဖြန့်စစ်ကစားမှုများ လေ့ကျင့်ခဲ့သည်။ ထို့အပြင် သက်ဆိုင်ရာအပိုင်းများအလိုက် ရှေ့ပြေးကင်းထောက်မှုနှင့် ယောင်ပြတိုက်ခိုက်မှုများ အီလက်ထရွန်နစ်စစ်ဆင်မှုများ၊ လေကြောင်းရန်ကာကွယ်ရေးစစ်ဆင်မှုများ၊ ရေငုပ်သင်္ဘောရန်ကာကွယ်ရေးစစ်ဆင်မှုများ၊ ဒုံးပျံ/မြန်နှုန်းမြင့် ပစ်မှတ်ရေယာဉ်များရန် ကာကွယ်ရေးစစ်ဆင်မှုများကို အဆင့်ဆင့်လေ့ကျင့်ခဲ့သည်။ လေ့ကျင့်ရာတွင် သင်္ဘောတစ်စင်းကို ပဲ့ထိန်းဒုံးကျည်ဖြင့် လက်တွေ့ပစ်ခတ်ခြင်းအပါအဝင် လက်တွေ့ပစ်ခတ်မှုအများအပြားဖြင့် လေ့ကျင့်ခဲ့သည်။

လေ့ကျင့်ခန်း ပြီးဆုံးချိန်တွင် လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည့် စစ်ရေယာဉ်များက စစ်ရေယာဉ် အောင်ဇေယျပေါ်တွင် စီးနင်းလိုက်ပါလာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား Fleet Review ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်ရေယာဉ် အောင်ဇေယျ၏ ဧည့်သည်တော်မှတ်တမ်းတွင် လေ့ကျင့်ခန်းအထိမ်းအမှတ် အမှတ်တရလက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ် အောင်ဇေယျပေါ်မှနေ၍ လေ့ကျင့်ခန်းကွပ်ကဲရေးမှူး၊ လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြသော စစ်ရေယာဉ်မှူးများနှင့် စစ်ရေယာဉ်အသီးသီးပေါ်ရှိ အရာရှိ /စစ်သည်များအား လေ့ကျင့်ခန်းများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် တပ်မတော်(ရေ)၏ သမိုင်းတွင် အကောင်းဆုံး လေ့ကျင့်ခဲ့သည့် လေ့ကျင့်ခန်းအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ "မြန်မာ့ပင်လယ်ဒိုင်္ဒကာကွယ်" ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ ပင်လယ်ပြင်ကို အတိုင်းအတာတစ်ခုအထိ စောင့်ရှောက်ကာကွယ်နိုင်သည်ကို သက်သေပြနိုင်ခဲ့ကြောင်း၊ မြန်မာ့ရေပိုင်နက်သည် ကြီးမားကျယ်ပြန့်သောကြောင့် တပ်မတော်(ရေ)သာမက တပ်မတော်(ကြည်း) နှင့်တပ်မတော်(လေ)တို့ပါ ပူးပေါင်းကာကွယ်ရမည်ဖြစ်ကြောင်း။

ယခင်က ရေပြင်ပိုင်နက်ကို ကာကွယ်ရာတွင် သင်္ဘောသေးများဖြင့် ကမ်းခြေမှကာကွယ်ရခြင်းဖြစ်၍ ရန်သူအတွက် အခြေအနေဖန်တီးနိုင်ခွင့်ပိုမိုရရှိစေကြောင်း၊ ယခုလေ့ကျင့်ခန်းတွင် ရန်သူ၏ အခြေအနေ ဖန်တီးနိုင်ခွင့်ကို ပိုင်နက်ရေပြင်တွင် ဟန့်တားဖျက်ဆီးနိုင်သည့်အခွင့်အရေးကို တပ်မတော်(ရေ)အနေဖြင့် ရယူဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ပိုပြီး ဝမ်းမြောက်ဂုဏ်ယူရသည်မှာ မြန်မာ့တပ်မတော်က တည်ဆောက်ထုတ်လုပ်သည့် စစ်ရေယာဉ်များကို အမာခံထားလေ့ကျင့်ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း။

အာရှ ပစိဖိတ်ဒေသသည် ကမ္ဘာပေါ်တွင် အရေးပါသော နေရာဒေသဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း အာရှ ပစိဖိတ်ဒေသကို ထိန်းချုပ်ရာတွင် မဟာဗျူဟာအရ ဆက်စပ်အရေးပါကြောင်း၊ နိုင်ငံတော်၏ရေပြင်/လေပြင်/မြေပြင်ပိုင်နက် သုံးခုလုံးကို သူ့နေရာနှင့်သူ ထိန်းသိမ်းကာကွယ်နိုင်ရန်လိုကြောင်း၊ အနာဂတ်တွင် Blue Water Navy ကို သွားနိုင်ရမည်ဖြစ်ကြောင်း၊ စစ်၏အခြေခံ သဘောတရားဖြစ်သည့် ပစ်အားနှင့်စစ်ကစားမှုကို ပိုင်နိုင်စွာပေါင်းစပ်အသုံးချရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြသည့် အရာရှိ/စစ်သည်များသည် တပ်မတော်၏ သမိုင်းကြောင်းကို ပစ္စုပ္ပန်ကာလတွင် ကိုယ်တိုင်ပါဝင်ရေးသားနေသူများဖြစ်ကြောင်း၊ ယခုလေ့ကျင့်ခန်းကို အလေးအနက်ထားဆောင်ရွက်ပြီး နောင်တွင် ယခုထက်ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေများ ပေးဝေရမည်ဖြစ်ကြောင်း၊ အချုပ်အားဖြင့် ဤလေ့ကျင့်ခန်းသည် တပ်မတော်(ရေ)၏ အခန်းကဏ္ဍကို သမိုင်းတစ်ခေတ် ဖော်ဆောင်နိုင်သည်ဟု ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင် ပါဝင်သည့် အရာရှိ/စစ်သည်များအတွက် ဂုဏ်ပြုဆုငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယခုလေ့ကျင့်ခဲ့သည့် Combined Fleet Exercise-Sea Shield 2014 သည် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကြည်း/လေ/သံချပ်ကာ /အမြောက် ပူးပေါင်းစစ်ဆင်ရေးနှင့် ဆက်စပ်လေ့ကျင့်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ခန်းတွင် ထောက်ပံ့ရေးစစ်ရေယာဉ်များအပါအဝင် စစ်ရေယာဉ်မျိုးစုံ အစင်း ၂၀ ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းလေယာဉ်ကွင်းပြေးလမ်းတိုးချဲ့တည်ဆောက်မှု လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကိုကိုးကျွန်းလေယာဉ်ကွင်းပြေးလမ်းတိုးချဲ့တည်ဆောက်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။** (မြဝတီ)

# တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် မတ် ၂၂**

မတ် ၁ ရက်မှ ၄ ရက်အထိ တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ပြုညစာစားပွဲတစ်ရပ်ကို ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများတွင် ပါဝင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ အရာထမ်း၊အမှုထမ်းများ၊ ပံ့ပိုးကူညီပေးခဲ့ကြသော စေတနာရှင်အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးများနှင့် အာဆီယံလူငယ်ဖိုရမ်သို့ တက်ရောက်ခဲ့သည့် လူငယ်ကိုယ်စားလှယ်များတွေ့ဆုံ

**ရန်ကုန် မတ် ၂၂**

မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ အာဆီယံလူငယ်ဖိုရမ်ကို ကျင်းပခဲ့သည်။

**ရှင်းလင်းဖြေကြား**

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဗဟိုဌာနတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးသန်းငွေးတို့ ဦးဆောင်သောအဖွဲ့သည် ASEAN Youth Delegations အဖွဲ့နှင့် Myanmar Peace Center တွင် တွေ့ဆုံပြီး လူငယ်အဖွဲ့မှ မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ Myanmar Peace Center မှ တာဝန်ရှိသူများကလည်း လက်ရှိဖြစ်ပေါ်နေသော ငြိမ်းချမ်းရေး ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ဖြေကြားခဲ့ကြကြောင်း သိရသည်။

**ကျော်ရဲ**

❍ *ကျောဖုံးမှ*

ကမ္ဘောဇအသင်းကလည်း နိုင်ပွဲများပြန်လည်ရရှိရေးအတွက် လူစုံအသုံးပြုကာ အားထည့်ကစားခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ထိန်းကစားနေသဖြင့် ပွဲသည် ထင်သလောက် အကြိတ်အနယ်မရှိခဲ့သော်လည်း ဒုတိယပိုင်းတွင် နှစ်သင်းစလုံးအခွင့်အရေးများ အပြန်အလှန်ရရှိခဲ့သည်။ ကမ္ဘောဇအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၈၀ တွင် စိုးမင်းဦးက သွင်းယူပေးခဲ့သည်။ အောင်ဆန်းကွင်း၌ ကစားသောပွဲတွင် ဧရာဝတီက ဇွဲကပင်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**ယနေ့ပွဲ**

**(ပေါင်းလောင်းကွင်း)**

နေပြည်တော် - ရတနာပုံ

**(YUSC ကွင်း)**

ရန်ကုန် - ဆောက်သမ်း

**(အောင်ဆန်းကွင်း)**

GFA - မကွေး

**(သုဝဏ္ဏကွင်း)**

ချင်းယူနိုက်တက် - မနော်မြေ

နိုင်ငံတကာသတင်း

## အီဂျစ်တွင် အကြီးမားဆုံး တရားရုံးထုတ် စစ်ဆေးမှုကြီးပြုလုပ်

ကိုင်ရို မတ် ၂၂

အီဂျစ်နိုင်ငံက ဖြုတ်ချခံရသော သမ္မတမိုဟာမက်မော်စီကို ထောက်ခံသူ ၁၂၀၀ ကျော်အား ၂၀၁၃ ခုနှစ်ရဲတပ်ဖွဲ့က ဖြိုခွင်းစဉ် အကြမ်းဖက်မှုများဖြင့် ရုံးထုတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ အီဂျစ်သမိုင်းတွင် အကြီးမားဆုံး ရုံးထုတ်စစ်ဆေးမှုကြီးဖြစ်ကြောင်း တရားရေးရပ်ကွက်များက ပြောသည်။

အဆိုပါ ရုံးထုတ်စစ်ဆေးမှုကို ကိုင်ရိုမြို့တောင်ဘက် မင်ယာမြို့၌ စစ်ဆေးဖွယ်ရှိကြောင်း အဆိုပါ တရားရေးရပ်ကွက်များက သောကြာနေ့တွင် ပြောကြားသည်။

ယင်းရုံးထုတ်စစ်ဆေးမည့်သူများတွင် မွတ်စလင်ညီအစ်ကိုတော်များ အကြီးအကဲ မိုဟာမက်ဘာဒီလည်း ပါဝင်သည်။ အီဂျစ်လုံခြုံရေးတပ်များက မော်စီထောက်ခံသူများ အာဏာပြန်ပေးရေးတောင်းဆိုရာ ကိုင်ရိုမြို့ သပိတ်စခန်းနှစ်ခုကို ဖြိုခွင်းစဉ် ပုဂ္ဂိုလ်ရေးနှင့် အများပိုင်ပစ္စည်းများကို ဖျက်ဆီးခဲ့ကြသည်ဟု ဆိုသည်။

အဆိုပါ အကြမ်းဖက်မှုများအတွင်း အနည်းဆုံး လူပေါင်း ၁၄၀၀ သေဆုံးခဲ့ကြောင်း ထောင်နှင့်ချီပြီး ဖမ်းဆီးခံရကြောင်း၊ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က ပြောသည်။

(ပရက်စ်တီဗွီ)

## တရုတ်သမ္မတ ရှီကျင့်ဖျင် ပထမဆုံးဥရောပခရီးနှင့် စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ခန့် လိုက်ပါသွား

ပေကျင်း မတ် ၂၂

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဥရောပသို့ ခေါင်းဆောင်တစ်ဦးအဖြစ် ပထမဆုံးခရီးထွက်ခွာသွားကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

၎င်း၏ဥရောပခရီးစဉ်သည် ဘရပ်ဆဲလ်ရှိ အီးယူဌာနချုပ်အပြင် ဂျာမနီ၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံများပါဝင်မည်ဖြစ်သည်။ တရုတ်သမ္မတ၏ အဆိုပါဥရောပခရီးစဉ်တွင် စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ခန့် လိုက်ပါသွားခဲ့ပြီး အဲဘတ်စ်ဂျက်လေယာဉ်အစင်း ၁၅၀ ဝယ်ယူရေးကဲ့သို့သော ကုန်သွယ်မှုဆိုင်ရာများလည်းပါဝင်မည်ဟု မျှော်လင့်ရသည်။

မစ္စတာရှီသည် ယူကရိန်းအကျပ်အတည်းအပေါ် ရုရှားကိုဖိအားပေးရန် တိုက်တွန်းမှုနှင့်ရင်ဆိုင်ရဖွယ်ရှိသည်။ တရုတ်က နိုင်ငံခြားရေးမူဝါဒအရ ရုရှားကိုအစဉ်အမြဲထောက်ခံအားပေးလေ့ရှိသည်။ ကုလသမဂ္ဂအနေဖြင့် ရုရှား၏ ခရိုင်းမီးယားဒေသအပေါ် ကျူးကျော်ခြင်းကို စိုးရိမ်ပူပန်လျက်ရှိသည်။

မစ္စတာရှီအား ဒတ်ချ်ဘုရင်ဝီလျံအလက်ဇန္ဒားနှင့် ဘုရင်မ မာစီမာတို့က နယ်သာလန်နိုင်ငံသို့တရားဝင်ခရီးလာရောက်လည်ပတ်မှုအတွက် ကြိုဆိုမည်ဖြစ်သည်။ ၎င်းသည် လာမည့်သီတင်းပတ်တွင် သည်ဟိတ်သ်မြို့ နျူကလီးယား လုံခြုံရေးထိပ်သီးအစည်းအဝေးပြင် ဂျီ-၇ အစည်းအဝေးသို့ရောက်ရှိမည်ဖြစ်သည်။ မစ္စတာရှီသည် အဆိုပါ ထိပ်သီးအစည်းအဝေးပြင်ပတွင် သမ္မတအိုဘားမားနှင့် ယူကရိန်းအရေးဆွေးနွေးကြဖွယ်ရှိသည်။

တရုတ်ခေါင်းဆောင်သည် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်တို့နှင့် တွေ့ဆုံအပြီး ဧပြီ ၁ ရက်တွင် ဘယ်လ်ဂျီယံ၌ ၎င်း၏ဥရောပခရီးစဉ် အဆုံးသတ်မည်ဖြစ်သည်။ (ဘီဘီစီ)

## မြောက်ကိုရီးယား တာတိုဒုံးကျည်အလုံး ၃၀ ပစ်လွှတ်

ဆိုးလ် မတ် ၂၂

မြောက်ကိုရီးယားနိုင်ငံက စနေနေ့အစောပိုင်းက ကိုရီးယားကျွန်းဆွယ် အရှေ့ပိုင်းပင်လယ်သို့ တာတိုဒုံးကျည် အလုံး ၃၀ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားသတင်းအေဂျင်စီ ယွန်ဟတ်က တောင်ကိုရီးယားပူးတွဲစစ်ဘက်အကြီးအကဲ၏ ပြောကြားချက်ကို ကိုးကားပြီး ဖော်ပြသည်။

အဆိုပါ ဒုံးကျည်များသည် ဆိုဗီယက်လုပ် FROG ဒုံးကျည်များဖြစ်လိမ့်မည်ဟု ယုံကြည်ရကြောင်း၊ ယင်းဒုံးကျည်များသည် ၁၉၆၀ လွန်နှစ်များကတည်းက မြောက်ကိုရီးယား၌ ရှိနေကြောင်း၊ ၎င်းဒုံးကျည်များမှာ ၃၇ မိုင် အထိသာ ပစ်နိုင်ကြောင်း ယွန်ဟတ်က ဖော်ပြသည်။

လွန်ခဲ့သော ခြောက်ရက်ကလည်း မြောက်ကိုရီးယားသည် အရှေ့ကမ်းလွန်သို့ တာတိုဒုံးကျည် ၂၅ လုံးပစ်လွှတ်ခဲ့သည်။ အဆိုပါ တာတိုပစ်ဒုံးကျည်များပစ်ခတ်မှုသည် လက်ရှိ တောင်ကိုရီးယားနှင့် အမေရိကန်ပူးတွဲ စစ်ရေးလေ့ကျင့်မှုဆန့်ကျင်သည်ကို မြောက်ကိုရီးယားနိုင်ငံ၏ ဆန္ဒပြမှုတစ်ရပ်ဖြစ်လိမ့်မည်ဟု တောင်ကိုရီးယားနိုင်ငံက ယုံကြည်ထားသည်။

စစ်ပွဲအတွက်ပြင်ဆင်သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားက ရှုတ်ချနေချိန် တောင်ကိုရီးယားနှင့် အမေရိကန်တို့က ပုံမှန်လေ့ကျင့်ခြင်းဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့်အစောပိုင်းက မြောက်ကိုရီးယားက တတိယအကြိမ် နျူကလီးယားစမ်းသပ်ပြီးနောက် ၂၀၁၂ နှစ်က တာဝေးပစ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ခဲ့သည်။ (ရိုက်တာ)

## ခရိုင်းမီးယားရှိ စစ်ဘက်အဆောက်အအုံများ ရုရှားအလံလွှင့်ထူ

ဆင်ဖာရိုပိုလ် မတ် ၂၂

ခရိုင်းမီးယားကျွန်းဆွယ်ဒေသရှိ အချို့သော ယူကရိန်း ပင်လယ်နက်ရေကြောင်းသင်္ဘောများအပါအဝင် ယူကရိန်းစစ်တပ်အဆောက်အအုံ ၇၀ ကျော် တွင် ရုရှားအလံများ လွှင့်တင်ခဲ့သည်ဟု သိရသည်။

ခရိုင်းမီးယားဒေသ၏ အမည်မဖော်လိုသူ အရာရှိ၏ ပြောကြားချက်ကို ကိုးကား၍ ယူကရိန်းစစ်ဘက်အဆောက်အအုံ ၇၂ လုံးတွင် အလံများလွှင့်တင်ခဲ့သော်လည်း ကျွန်းဆွယ်ပေါ်ရှိ ယူကရိန်းစစ်ဘက်အဆောက်အအုံ အကုန်လုံး မဟုတ်ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ခရိုင်းမီးယားရှိ ယူကရိန်းစစ်တပ်အမှုထမ်းများအနေဖြင့် ၎င်းတို့ ဆက်လက်နေထိုင်သည်ဖြစ်စေ၊ ထွက်ခွာသွားသည်ဖြစ်စေ ရွေးချယ်ရန် အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း ခရိုင်းမီးယားဝန်ကြီးချုပ် Sergey Aksenov က ပြီးခဲ့သည့် သောကြာနေ့က ပြောသည်။ ခရိုင်းမီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကောင်စီဥက္ကဋ္ဌကလည်း မည်သို့ပင်ဖြစ်စေ ယူကရိန်းနိုင်ငံ ဥပဒေပြဋ္ဌာန်းထားမှုအရ ၎င်းစစ်တပ်အမှုထမ်းများသည် လစာနှင့် ထောက်ပံ့ကြေးများ ရရှိမည်ဖြစ်သည်ဟု ဆိုသည်။ (ဆင်ဟွာ)

## ကမ္ဘောဒီးယားနိုင်ငံရှိ လူဦးရေ ၆ ဒသမ ၃ သန်း သန့်ရှင်းသော သောက်သုံးရေရရှိမှုနည်းပါး

ဖနောင်ပင် မတ် ၂၂

ကမ္ဘောဒီးယားနိုင်ငံသား ၆ ဒသမ ၃ သန်းခန့်သည် သန့်ရှင်းသော သောက်သုံးရေမရရှိကြောင်း၊ ကမ္ဘာ့ရေနေ့အခမ်းအနားတွင် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူအင်န်အိုင်စီအီးအက်ဖ်)က ဖော်ပြခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံရှိ သန့်ရှင်းသောသောက်ရေမရရှိသည့် လူဦးရေ ၃ ဒသမ ၉ သန်းသည် ဆင်းရဲကြပြီး ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်သည်။ နိုင်ငံ၏ ၄၂ ရာခိုင်နှုန်းသည် ကလေးများဖြစ်ကြပြီး သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း၊ လုံလောက်သောရေဆိုးထုတ်စနစ်မရှိခြင်းနှင့် ရောဂါကာကွယ်ရန် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် ရေကြောင့်ဖြစ်ပွားသော ရောဂါများကိုခုခံနိုင်စွမ်းအားမရှိကြပေ။ ကမ္ဘောဒီးယားနိုင်ငံတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းကြောင့် သေဆုံးရာတွင် အသက်ငါးနှစ်အောက်ကလေးများသေဆုံးမှုသည် ဒုတိယနေရာတွင်ရှိသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ဗီတာမင်နှင့် သတ္တုဓာတ်များချို့တဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ဂျီဒီပီတွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၄၆ သန်း ဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိသည်။

(ဆင်ဟွာ)

## အမေရိကန်နှင့် ယူကရိန်း ပူးတွဲစစ်ရေးလေ့ကျင့်ပြီ

ဆိုဖီယာ မတ် ၂၂

အမေရိကန်နှင့် ယူကရိန်းတပ်ဖွဲ့ဝင်များသည် ဘူလ်ဂေးရီးယားနိုင်ငံ အလယ်ပိုင်း စစ်ရေးလေ့ကျင့်ရေးဌာန၌ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ တပ်ဖွဲ့ဝင် ၇၀၀ နှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်လျက်ရှိကြောင်း ဘူလ်ဂေးရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို သောကြာနေ့မှစတင်ပြီး နှစ်ပတ်ကြာလေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်မှာ အနောက်အုပ်စုနှင့် ရုရှားတို့ တင်းမာမှုမဖြစ်မီကပင် စီစဉ်ထားခဲ့ကြောင်း ကာကွယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုကို နေတိုးအဖွဲ့ ကိုယ်စားပြုသည့် အာမေနီးယား၊ အဇာဘိုင်ဂျန်၊ ဘယ်လ်ဂျီယံ၊ ဘူလ်ဂေးရီးယား၊ ဂျော်ဂျီယာ၊ မော်ဒိုဗာ၊ ပိုလန်၊ ရိုမေးနီးယား၊ ဆားဘီးယားနှင့် တူရကီကဲ့သို့ နိုင်ငံမှ တပ်ဖွဲ့ဝင်များလည်း ပါဝင်သည်။

ရိုက်တာ



ရုရှား-ယူကရိန်းနယ်စပ်ရှိ စစ်ဆေးရေးဂိတ်တစ်ခုကို တွေ့ရစဉ်။

## ယူကရိန်းသို့ နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့ စေလွှတ်မည်

အီးယူ မတ် ၂၂

ရုရှားသံတမန်များက ယင်းတို့၏ကန့်ကွက်မှုများ မအောင်မြင်ဖြစ်ခဲ့ပြီးနောက် ယူကရိန်းသို့ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်မည်ဟု ဆိုသည်။

ဥရောပလုံခြုံရေးအဖွဲ့(OSCE)က ယူကရိန်း အရှေ့တောင်ပိုင်းအပါအဝင် ဒေသများသို့ ၂၄ နာရီအတွင်း အထူးအဖွဲ့များစေလွှတ်မည်ဟု ဆိုသည်။

သို့ရာတွင် အဖွဲ့ဝင် ၁၀၀ ပါ အထူးလေ့လာ စောင့်ကြည့်ရေး အဖွဲ့သည် လွန်ခဲ့သောလက ရုရှားသိမ်းပိုက်ထားသော ခရိုင်းမီးယားဒေသသို့ သွားရောက်ဖွယ်မရှိဟု ဆိုသည်။

ရုရှားခေါင်းဆောင် ဗလာဒီမာပူတင်က အီးယူနှင့်အမေရိကန်တို့က အရေးယူ ပိတ်ဆို့ထားသော်လည်း ခရိုင်းမီးယားကို တရားဝင်တိုက်ခိုက်သိမ်းပိုက်ခြင်း ဥပဒေတစ်ရပ်ကို သောကြာနေ့က လက်မှတ်ရေးထိုးလိုက်သည်။

ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ၅၇ နိုင်ငံအဖွဲ့က သောကြာနေ့ ညနေပိုင်းတွင် ယူကရိန်းသို့ အထူးအဖွဲ့စေလွှတ်ရန် သဘောတူလိုက်သည်။

ကနဦးအနေဖြင့် အရပ်သား စောင့်ကြည့်လေ့လာရေး အဖွဲ့ဝင် ၁၀၀ ကို ယူကရိန်းနိုင်ငံ ဒေသကိုးခုသို့ ခြောက်လကြာ ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ဗီယင်နာအခြေစိုက် အဆိုပါအဖွဲ့က ပြောသည်။ လိုအပ်ချက်အပေါ် မူတည်၍ အထူးအဖွဲ့ဝင် ၄၀၀ အထိ တိုးမြှင့် ဖြန့်ကြက်သွားမည်ဟု ဆိုသည်။

အဆိုပါဒေသ စောင့်ကြည့်လေ့လာသူများသည် ယူကရိန်းလိုလားသူများနှင့် ရုရှားတက်ကြွလှုပ်ရှားသူများအကြား မကြာမီက အဓိကရုဏ်းဖြစ်ပွားခဲ့သော အိုဒက်ဆာ၊ ဒိုးနက်၊ ဒီပရိုပီထရော့နှင့် လူဟမ်းဒေသများသို့ သွားရောက်လေ့လာကြမည်ဟု ဆိုသည်။ ယင်းတို့ကို ၂၄ နာရီအတွင်း ဖြန့်ကြက်သွားမည်ဟု OSCE ဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒန်နီရယ်ဘေယာက ပြောသည်။

သို့သော်လည်း ရုရှားသံတမန် အန်ဒရေးကယ်လင်းက ခရိုင်းမီးယားသည် ရုရှား၏အစိတ်အပိုင်းဖြစ်နေပြီဖြစ်သည့်အတွက် အဆိုပါ အထူးအဖွဲ့များ စေလွှတ်ရန်မလိုကြောင်း ပြောကြားသည်။

(ဘီဘီစီ)

■ ကျောက်ဖုံးမှ

စီမံကိန်းဖြစ်ပါသည်။

**စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း**

စီမံကိန်းလုပ်ငန်းများ စတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၆ ခုနှစ်မှ စတင်၍ ဖြူးမြို့နယ်၏အနောက်ဘက် ခုနစ်မိုင်ခန့် ကွာဝေးသော ဖြူးချောင်းပေါ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP (United Nations Development Program)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNA-MC (China National Agricultural and Machinery Corporation)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြည်တွင်းအတိုင်ပင်ခံ အင်ဂျင်နီယာ အဖွဲ့ NEPS (National Engineering & Planning Services) တို့မှ ပင်မတမံ တည်ဆောက်ရမည့်နေရာကို အဆင့်ဆင့် ပဏာမ စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီးနောက် NEPS မှ တမံနှင့်ဆက်နွှယ်ရေအား အဆောက်အအုံများဆိုင်ရာ အစီရင်ခံစာကို လည်းကောင်း၊ ရေအားလျှပ်စစ် ဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုထားသော ဂျပန်နိုင်ငံ The Kansai Power Co; Inc မှ ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ၏ အသေးစိတ်ဒီဇိုင်း အစီရင်ခံစာကို လည်းကောင်း အသီးသီးပြုစု တင်သွင်းကာ တင်ပြသော Report များကို အခြေခံ၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းဖြစ်သည်။

**ရည်ရွယ်ချက်မှာ**

ဖြူးချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ကို နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်မှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးရန်ဖြစ်သည့်အပြင် စစ်တောင်းမြစ်ဝှမ်း ဖြူး၊ ဇေယျာဝတီ ဒေသအတွင်းရှိ လယ်မြေဧကများသို့ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရန်အတွက် ရေပေးဝေရေး ဆောင်ရွက်ရန်ဖြစ်သည်။ တည်နေရာမှာ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အနောက်ဘက် ခုနစ်မိုင်အကွာ မြေပုံအညွှန်း (94 B/6-A 802447) တွင် တည်ရှိသည်။

စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ ရေထိန်းတံခါးပြွန် အချင်း ၂၇ ပေ၊အမြင့် ပေ ၁၃၀၊ ရေသွယ်ဥမင်လိုဏ်အချင်း ၁၈ ပေ၊ အလျား ပေ ၂၀၀၀၊ ဖိအားမြင့်ပိုက်လိုင်း အချင်း ၅ ဒသမ ၆ ပေ၊ ၁၈ ဒသမ ၆ ပေ၊ အနံပေ ၁၁၀၊ အမြင့် ပေ ၁၁၀၊ တာဘိုင်အမျိုးအစား ဒေါင်လိုက်ဖရန်စစ်တာဘိုင်၊ တာဘိုင်ရေထုစီးနှုန်း ၂၅၄၀ ကုဗပေ/စက္ကန့် နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့်ဓာတ်အား ၄၀ မဂ္ဂါဝပ်၊၂၀×၂၀ မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့်ဓာတ်အား ကီလိုဝပ်နာရီ သန်း ၁၂၀ဖြစ်ပြီး စီမံကိန်းပြီးစီးမည့်ကာလမှာ ၂၀၁၄ ခုနှစ်ဖြစ်သည်ဟု သိရသည်။

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး ဆောင်ရွက်ရာတွင် ရေအားလျှပ်စစ် အကောင် အထည်ဖော်တည်ဆောက်ရေးအမှတ်(၃)နှင့် ဆည်မြောင်းဦးစီးဌာနတို့သည် ကဏ္ဍများအလိုက် ခွဲဝေ တာဝန်ယူဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ ရေထိန်းတံခါးပြွန် တည်ဆောက်ခြင်း၊ ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ စက်ရုံရေထုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဆွစ်ယာဒ် တည်ဆောက်ခြင်းလုပ်ငန်းတို့ဖြစ်သည်။

ယင်းလုပ်ငန်း(၇)ရပ်အနက် ရေယူ အဆောက်အအုံလုပ်ငန်းတွင် ၁၀၀ ရာခိုင်နှုန်း၊ ဖိအားဖြင့် သံမဏိပိုက် လိုင်းလုပ်ငန်းတွင် ၁၀၀ ရာခိုင်နှုန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်းတွင် ၉၉ ဒသမ ၆ ရာခိုင်နှုန်း၊ ဆွစ်ယာဒ် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုလုံးမှာ ၉၉ ဒသမ ၁၄ ရာနှုန်းပြီးစီးနေပြီး လာမည့်ဧပြီ ၁ ရက်တွင် စမ်းသပ်လည်ပတ်တော့မည်ဟု သိရသည်။

စမ်းသပ်လည်ပတ်ပြီး ထွက်ရှိမည့် ဓာတ်အားများကို တောင်ငူ ဟင်းငုတ်ပင် ဓာတ်အားခွဲရုံမှ ကေဘယ်လ်ကြိုးများဖြင့် ဖြူးချောင်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားများကို ဝင်ရောက်သွယ်ယူပြီး သာယာကုန်း ဓာတ်အားပေးစက်ရုံသို့ပို့၍ နေရှင်နယ်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ မြန်မာတစ်ပြည်လုံးသို့ ဓာတ်အားများ ဖြန့်ဖြူးပေးသွားမည်ဟု သိရသည်။

ထို့အပြင် ဖြူးချောင်းရေအား လျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ပေးမည့်အပြင် စစ်တောင်းမြစ်ဝှမ်း လွင်ပြင်ဒေသအလိုက် ရေလွှမ်းမိုးမှုကာကွယ်ရန်နှင့် စစ်တောင်းမြစ်ဝှမ်း၊ ဖြူးနှင့် ဇေယျာဝတီ ဒေသများအတွင်း ရှိ လယ်မြေဧက ၁၀၀၀၀၀ အတွက် နွေစပါးနှင့် သီးထပ်သီးညှပ် စိုက်ပျိုးရေးအတွက် ဆည်မြောင်း ဦးစီးဌာနနှင့်တွဲဖက်ကာ ရေပေးဝေရေးလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။



# ကလေးဝမြို့နယ်အတွင်းနှင့်မြို့နယ်နှင့် ထိစပ်လျက်ရှိသောကြိုးဝိုင်းများတွင် ကျွန်းသစ် ၆၁၀၁ တန်နှင့် သစ်မာ ၉၉၁၉၇ တန်ကို ထုတ်ယူခဲ့

**ကလေး မတ် ၂၂**

ကလေးဝမြို့နယ် အတွင်းနှင့် မြို့နယ်နှင့် ထိစပ်လျက်ရှိသော ကြိုးဝိုင်းများတွင် သစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သစ်ထုတ်လုပ်မှုမှာ ပလ္လင်ကြိုးဝိုင်းအတွင်း ကျွန်း ၇၁၆ တန်၊ သစ်မာ ၁၆၅၁ တန်၊ ရွှေကျောင်ကြိုးဝိုင်းမှ သစ်မာ ၈၁၄၈ တန်၊ ဖုန်းသုန်းကြိုးဝိုင်းမှ ကျွန်း ၃၁၂၅ တန်၊ သစ်မာ ၂၁ ဒသမ ၂၈၆ တန်၊ မဟာမြိုင်ကြိုးဝိုင်းမှ သစ်မာ တန် ၄၅၀၊ မထုကြိုးဝိုင်းမှ ကျွန်း ၁၂၁၈ တန်၊ သစ်မာ ၅၄၅၇၂ တန်။ မန်ဖာကြိုးဝိုင်းမှ သစ်မာ တန် ၅၈၃၀။ မော်တုန်ကြိုးဝိုင်းမှ ကျွန်း ၁၀၄၂ တန်၊ သစ်မာ တန် ၇၂၆၀ စုစုပေါင်း ကျွန်းသစ် ၆၁၀၁ တန်၊ သစ်မာ ၉၉၁၉၇ တန်တို့ကို ထုတ်လုပ်ခဲ့ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ယခုကျင်းပနေသော လွှတ်တော်တွင် ကလေးဝမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ကို ဖြေကြားစဉ် ပြောကြားခဲ့သည်။

**သျှင်နေမင်း**

# မြန်မာ့စီးပွားရေးဘဏ် ငါန်းဇွန်မြို့နယ်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ငါန်းဇွန် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၁၁ နာရီက ငါန်းဇွန်မြို့ အမှတ် (၁) ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ် ငါန်းဇွန်မြို့နယ် ဘဏ်ခွဲ အဆောက်အအုံသစ် ရှေ့မျက်နှာစာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးလှမြင့်အောင်တို့က ဘဏ်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

**ကြည့်ရှု**

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူ၊ အထွေထွေမန်နေဂျာနှင့် မြန်မာ့စီးပွားရေးဘဏ် မန္တလေး တိုင်းဒေသကြီး မန်နေဂျာဦးသိန်းထွန်းတို့သည် ဘဏ်အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ်မှ ဘဏ်ခွဲမန်နေဂျာများ၊ ခရိုင်မန်နေဂျာများ၊ မြို့နယ်မန်နေဂျာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဘဏ်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာ့စီးပွားရေးဘဏ် ငါန်းဇွန်မြို့နယ် ဘဏ်ခွဲအဆောက်အအုံကို ဆုလာဘ်ပြည့် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

**မတ် ၂၁ ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ငြိမ်းက ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့ရှိ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ဝင်များနှင့် ပြည်သူများအား လျှပ်စစ်မီတာခနှုန်းထား ပြောင်းလဲကောက်ခံခြင်းကို ရှင်းလင်းဆွေးနွေးစဉ်။** (မြို့နယ်လျှပ်စစ်)

# အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် မတ် ၂၂**

ယနေ့ ညနေ ၃ နာရီ ၀၅ မိနစ် ၃၅စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်ဘက် ၁၁၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မုံရွာမြို့၏ အနောက်- အနောက်တောင်ဘက် (၅၇ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိအင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

**နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**


ရွှေဝင်းရွှေပုံ Travels & Tours

No.67, Baho Rd,Sanchaung,Ph: 01-500191,519292, 510218,510491,519300,519360,09-73003772

E/1,35Rd,Bet 72 x 73 Street, Mandalay

Ph: 09-73013856,09-31693339

4 Star Hotels နှင့် All Included

သကြ်န်ခရီးစဉ်များ

| | | | | | |
|---|---|---|---|---|---|
| ဘန်ကောက် | USD 650 | ဘာလီ | USD1000 | ဂျပန် | USD3200 |
| ဖူးခက် | USD1000 | ဘာလီ + စင်ကာပူ | USD1450 | ကိုရီးယား | USD 2100 |
| ဘန်ကောက် + ဖူးခက် | USD1100 | ဘာလီ + စင်ကာပူ + မလေးရှား | USD1750 | ကိုရီးယား + ဂျပန် | USD 3400 |
| ဘန်ကောက် + ကမ္ဘောဒီးယား | USD1000 | ပီကင်း + ရှန်ဟိုင်း + [illegible] | USD1750 | ရုရှား | USD 4000 |
| ဘန်ကောက် + စင်ကာပူ + မလေးရှား | USD1550 | ဟောင်ကောင် + မကာအို | USD1650 | [illegible] | USD 4700 |
| စင်ကာပူ | USD 950 | မော်လဒိုက် | USD2250 | [illegible] | USD 4800 |
| စင်ကာပူ + မလေးရှား | USD1350 | သီရိလင်္ကာ | USD1400 | ဥရောပနိုင်ငံကြီး(၈)နိုင်ငံ | USD 5000 |
| ဗီယက်နမ် | USD 850 | [illegible] | USD1350 | [illegible] | USD 5300 |
| ဗီယက်နမ် + ကမ္ဘောဒီးယား | USD1450 | ဒူဘိုင်း | USD2400 | အမေရိကန် | USD 7700 |
| ကမ္ဘောဒီးယား + လာအို | USD1400 | | | | |

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဝါကျမှန်မှန်(၂)

မောင်ခင်မင်(ဓနုဖြူ)

"ကိုယ့်မိခင်ဘာသာ စကားရဲ့ဝါကျဖွဲ့ပုံကို စကားပြောတတ်ကတည်းက ဘယ်သူမဆို တတ်ပြီးသားပါလို့ အရင်အပတ်က ဆရာပြောပြတာကိုနားထောင်ပြီး ဆက်စပ်စဉ်းစားကြည့်တော့ တစ်ခုသဘောပေါက်လာပါတယ်ဆရာ"

"ဆိုပါဦးကွဲ့၊ ဘာကိုသဘောပေါက်တာပါလိမ့်"

"ကျွန်တော်တို့ ကလေးဘဝစကားပြောတတ်ပြီဆိုကတည်းက မြန်မာဝါကျတွေကို မှန်မှန်ကန်ကန်ဖွဲ့တတ်နေပြီပဲလို့ သဘောပေါက်တာပါဆရာ"

"မှန်ပါတယ်ကွယ်။ ဆရာတို့ မြန်မာကလေးတွေဟာ မြန်မာစကားပြောတတ်ကတည်းက မြန်မာဝါကျတွေကို မှန်မှန်ကန်ကန်ဖွဲ့တတ်နေပါပြီ။ ဝါကျမှန်မှန်ဖွဲ့ပြီး ပြောတတ်နေပါပြီ။ အဲဒီလိုပဲ ကချင်၊ ကယား၊ ကရင်၊ ချင်းအစရှိတဲ့ တိုင်းရင်းသားကလေးတွေရော၊ ကုလား၊ တရုတ်၊ အင်္ဂလိပ်အစရှိတဲ့ နိုင်ငံခြားသားကလေးတွေရော သူတို့ရဲ့မိခင် ဘာသာစကားကို ပြောတတ်ပြီဆိုတာနဲ့ ဝါကျမှန်မှန်ဖွဲ့ပြီး ပြောတတ်နေကြပြီလို့ နားလည်နိုင်ပါတယ်"

"ဟုတ်တယ်နော်။ အိမ်မှာ သမီးမောင်လေးက အသက်သုံးနှစ်ပဲရှိသေးတယ်။ စကားလည်း တော်တော်ပြောတတ်နေပါပြီ။ အရင်အပတ်က ဆရာပြောတာနားထောင်ပြီး အိမ်မှာမောင်လေးပြောတာတွေ သတိထားနားထောင်ကြည့်တော့ သူပြောတဲ့ဝါကျတွေက သမီးတို့ပြောသလိုပဲ ဝါကျဖွဲ့ပုံမှန်နေတာ သတိထားမိပါတယ်ဆရာ"

"ကဲ. . . သားတို့ သမီးတို့ငယ်ငယ်ကပဲဖြစ်ဖြစ်၊ သားတို့သမီးတို့အိမ်က ကလေးတွေပဲဖြစ်ဖြစ် ထမင်းစားချင်ရင် ဘယ်လိုပြောကြသလဲ"

"ထမင်းစားမယ်လို့ ပြောတာပေါ့ဆရာ"

"အေး. . . 'ထမင်းစားမယ်' လို့ပြောရင်ပြောမယ်။ ကလေးတွေ သုံးတဲ့စကားနဲ့ 'မန်မန်စားမယ်'လို့ ပြောရင်လည်းပြောမယ်။ ကလေးက စကားမပီသေးလို့ 'မန်မန်ချားမယ်' လို့ ပြောရင်လည်းပြောမယ်။ ဒါပေမယ့် စကားအစီအစဉ်ကတော့ ဒီအစီအစဉ်အတိုင်းပဲဖြစ်မှာပေါ့"

"ဟုတ်ပါတယ်ဆရာ"

"ကဲ. . ဒီလိုမပြောဘဲ 'စားထမင်းမယ်' လို့ ပြောသလား၊ ဒါမှမဟုတ် 'ထမင်းမယ်စား'၊ 'မယ်စားထမင်း' ဆိုတာမျိုးတွေပြောသလား"

"မပြောပါဘူးဆရာ"

"'တစ်ခါတလေတော့၊ စားမယ်ထမင်း' ဆိုတာမျိုး ပြောချင်ပြောမှာပေါ့။ ပုံမှန်ကတော့ 'ထမင်းစားမယ်' လို့ပဲ ပြောမှာပဲလေ"

"ဟုတ်ပါတယ်ဆရာ"

"အဲဒီလို ဝါကျမှန်မှန်ပြောတတ်ဖို့ သူ့ကိုဘယ်သူကသင်ပေးတာလဲ။ သူ့အမေ အဖေတွေ လူကြီးတွေပြောတာကိုကြားပြီး အဲဒီအတိုင်း အတုယူပြောတာလည်း ပါမှာပေါ့။ ဒါပေမယ့် ကလေးတွေပြောတဲ့ စကားအားလုံး လူကြီးတွေဆီက အတုယူတာချည်းမဟုတ်ဘူး။ သူတို့သိတဲ့စကားလုံးတွေကို ကိုယ့်ဟာကိုယ် ဝါကျဖန်တီးပြောနိုင်တဲ့စွမ်းရည်က ကလေးတွေရဲ့အသိဉာဏ်ထဲမှာပါလာတဲ့ ပင်ကိုစွမ်းရည်တစ်ခုပဲလို့ဆိုတဲ့ အယူအဆတွေရှိပါတယ်"

"စိတ်ဝင်စားစရာပဲနော်ဆရာ"

"စဉ်းစားကြည့်လေ၊ ကလေးတွေပြောတဲ့ ဝါကျတွေအားလုံး လူကြီးတွေသင်ပေးတာတွေချည်းမှ မဟုတ်ဘဲ။ သူတို့စိတ်ကူးနဲ့ ဝါကျတွေဖြစ်အောင် ဖန်တီးပြီး ပြောနေကြတာအမျိုးမျိုးပဲလေ။ သားတို့ သမီးတို့ အိမ်က ကလေးတွေစကားပြောတာ သတိထားကြည့်ရင်သိမှာပါ"

"ဟုတ်ကဲ့ပါဆရာ"

" ပညာရှင်တစ်ယောက်က တင်စားပြောဖူးတယ်။ "သားတို့ သမီးတို့ ဆရာတို့အားလုံး ကလေးဘဝကစပြီး အားလုံးရဲ့ဦးနှောက်ထဲမှာ ဝါကျလုပ်တဲ့စကားလေးတွေ ပါလာတယ်တဲ့။ . . . . အကြောင်းတစ်ခုခုပြောတော့မယ်ဆိုရင် အဲဒီစကားတွေက ထုတ်လုပ်ပေးတဲ့ဝါကျတွေကို ပါးစပ်က ထုတ်ပြောလိုက်ကြတာပဲလေ"

"မှတ်သားစရာပါပဲဆရာ"၊ စဉ်းစားစရာလည်းရပါတယ်"

"ဒီတော့ လူတိုင်းလူတိုင်းဟာ ကိုယ့်မိခင်ဘာသာစကားရဲ့ ဝါကျဖွဲ့ပုံစနစ်၊ တစ်နည်းပြောရရင် သဒ္ဒါပေါ့ကွယ်။ အဲဒီသဒ္ဒါစနစ်ကို စကားပြောတတ်ကတည်းက နားလည်တတ်မြောက်လာကြတယ်လို့ ဆိုလိုတာပါပဲ"

"ဒါဆိုရင် သမီးတစ်ခုမေးပါရစေ ဆရာ။ ကိုယ့်ဟာကိုယ်သင်ယူတတ်မြောက်တဲ့ သဒ္ဒါစနစ်ကို ကျောင်းတွေမှာ ဘာကြောင့်သင်ရတာပါလဲ"

"ဟုတ်ပြီ၊ ဒါမေးသင့်တဲ့မေးခွန်းပဲ၊ ကျောင်းမှာသဒ္ဒါသင်တယ်ဆိုတာက ဘာသာစကားတစ်ခုဖွဲ့စည်းထားတဲ့ နည်းစနစ်တွေကို ပညာရပ်တစ်ခုအဖြစ် ဖော်ထုတ်သင်ပေးတာပါ၊ မိခင်ဘာသာစကားပဲဖြစ်ဖြစ်၊ တခြားဘာသာစကားပဲဖြစ်ဖြစ် စကားလုံးတွေကို ဘယ်လိုပေါင်းစပ်ဖွဲ့စည်းထားတယ်၊ စကားလုံးတွေကို ဝါကျဖြစ်အောင် ဘယ်အစီအစဉ်နဲ့ဖွဲ့စည်းထားတယ် စသည်ဖြင့် နည်းစနစ်တွေဖော်ထုတ်ပြီး အဲဒီနည်းစနစ်တွေကို သိအောင်သင်ပေးတာပါပဲ"

"အဲဒီနည်းစနစ်တွေသင်ရတဲ့အတွက် ဘယ်လိုအကျိုးရှိပါသလဲဆရာ"

"ဘာသာစကားတစ်ခုဘယ်လိုဖွဲ့စည်းထားတယ်ဆိုတဲ့ နည်းစနစ်ကို ခြေခြေမြစ်မြစ်သိထားရင် အဲဒီဘာသာစကားကိုလေ့လာရာမှာ အထောက်အကူပြုတာပေါ့ကွယ်။ ပြီးတော့ ကိုယ့်ဘာသာစကားမှာ ဒီလိုအင်္ဂါအစိတ်အပိုင်းတွေရှိပါလားဆိုတာလည်း သိနိုင်တာပေါ့၊ အထူးသဖြင့် အရင်အပတ်က သားတို့သမီးတို့ပြောတဲ့ အဓိပ္ပာယ်မရှင်းတာတို့၊ အဓိပ္ပာယ်နှစ်မျိုးထွက်တာတို့လို ပြဿနာတွေကို ဖြေရှင်းရာမှာ အထောက်အကူပြုတာပေါ့ကွယ်။ ကဲ. . . မြန်မာဝါကျရဲ့ အင်္ဂါအစိတ်အပိုင်းတွေကို ကြည့်ရင် သတိပြုရမယ့် အချက်တစ်ချက်ရှိတယ်ကွဲ့."

"ဘယ်အချက်ပါလဲဆရာ"

" မြန်မာဝါကျဖွဲ့ရာမှာ ကြိယာကိုဝါကျအဆုံးမှာထားရတယ်။ မြန်မာဝါကျတွေဟာ ကြိယာနဲ့အဆုံးသတ်ရတယ်လေ။ အဲ. . ရှေ့က အစိတ်အပိုင်းတွေကတော့ အစီအစဉ်မတင်းကျပ်ဘူး။ သင့်သလိုထားလို့ရတယ်"

"သာဓကလေး ပြပါဦးဆရာ"

" ဟိုတစ်ပတ်ကပြောတဲ့ 'ဖေဖေမနက်ဖြန်မန္တလေးကိုလေယာဉ်နဲ့သွားမယ်'ဆိုတဲ့ ဝါကျကိုပြန်ကောက်ရအောင်။ အဲဒီဝါကျမှာ 'ဖေဖေ၊ မနက်ဖြန်၊ မန္တလေးကို၊ လေယာဉ်နဲ့၊ သွားမယ်' ဆိုတဲ့ အစိတ်အပိုင်းတွေပါတယ်မဟုတ်လား။ အဲဒီအစိတ်အပိုင်းတွေကို အစီအစဉ်အမျိုးမျိုး ပြောင်းလို့ရတယ်ကွဲ့၊ ကဲ. . . သားနဲ့သမီး အစီအစဉ်ပြောင်းပြီးပြောကြည့်ပါလား"

" ဖေဖေ မန္တလေးကို မနက်ဖြန်လေယာဉ်နဲ့သွားမယ်"

"ဖေဖေ လေယာဉ်နဲ့ မန္တလေးကို မနက်ဖြန်သွားမယ်"

"ဖေဖေ မနက်ဖြန်လေယာဉ်နဲ့ မန္တလေးကို သွားမယ်"

"မနက်ဖြန် ဖေဖေမန္တလေးကို လေယာဉ်နဲ့သွားမယ်"

" မနက်ဖြန် မန္တလေးကို ဖေဖေလေယာဉ်နဲ့သွားမယ်"

" မနက်ဖြန် လေယာဉ်နဲ့ မန္တလေးကို ဖေဖေသွားမယ်"

"မန္တလေးကို ဖေဖေမနက်ဖြန် လေယာဉ်နဲ့သွားမယ်"

"မန္တလေးကို မနက်ဖြန် ဖေဖေလေယာဉ်နဲ့သွားမယ်"

"မန္တလေးကို လေယာဉ်နဲ့ မနက်ဖြန် ဖေဖေသွားမယ်"

"လေယာဉ်နဲ့ မန္တလေးကို မနက်ဖြန် ဖေဖေသွားမယ်"

"လေယာဉ်နဲ့ မနက်ဖြန် မန္တလေးကို ဖေဖေသွားမယ်"

"လေယာဉ်နဲ့ ဖေဖေ မန္တလေးကို မနက်ဖြန်သွားမယ်"

"ကဲ-- ဒီလောက်ဆိုရင် အစီအစဉ်အမျိုးမျိုးပြောင်းပြီး ပြောနိုင်တာ ထင်ရှားပါပြီ။ ဒါထက် ပိုပြီးတောင် ပြောင်းလို့ရနိုင်သေးတယ်ထင်တယ်။ အဲ-တစ်ခုပဲရှိတယ်။ ဒီပြင် အစိတ်အပိုင်းတွေကို ခုလို အမျိုးမျိုးပြောင်းနိုင်ပေမယ့် 'သွားမယ်'ဆိုတဲ့ ကြိယာကိုတော့ နေရာမပြောင်းဘဲ ဝါကျရဲ့နောက်ဆုံးမှာပဲ ထားရတယ်မဟုတ်လား၊ သားတို့ သမီးတို့လည်းနေရာမပြောင်းဘူးလေ"

"ဟုတ်ပါတယ်ဆရာ"

"ဘာဖြစ်လို့နေရာမပြောင်းတာလဲ"

"ကျွန်တော်တို့ ပုံမှန်စကားပြောရင် ကြိယာကိုတော့ နောက်ဆုံးမှာပဲ ထားလေ့ရှိတာကို သတိထားမိလို့ပါဆရာ"

"ဟုတ်ပါတယ်။ 'သွားမယ်ဖေဖေ မနက်ဖြန်လေယာဉ်နဲ့ မန္တလေးကို' ဆိုတာမျိုး၊ ဒါမှမဟုတ် 'ဖေဖေမနက်ဖြန်သွားမယ် မန္တလေးကိုလေယာဉ်နဲ့' ဆိုတာမျိုး၊ ကြိယာကို ရှေ့မှာထားပြီး ပြောလေ့မရှိကြဘူးလေ။ အဲဒီလိုပြောတာ ပုံမှန် မြန်မာဝါကျမျိုးမဟုတ်ဘူးလို့ ဆရာတို့ ငယ်ငယ်ကတည်းက သိနေကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"စာစကားနဲ့ရေးရင်လည်း 'သွားမည် မနက်ဖြန်လေယာဉ်နှင့် မန္တလေးသို့ ဖေဖေ'ဆိုတာမျိုး ဘယ်သူမှ မရေးပါဘူး။ အဲဒီလိုရေးရင်လည်း ဝါကျမမှန်ဘူးလို့ နားလည်နေကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ ဒါထက်ခုန သမီးတို့ ဝါကျအစီအစဉ်အမျိုးမျိုးပြောင်းပြီးပြောတာမျိုး ဘာကြောင့်ပြောကြတာပါလဲဆရာ"

"ဒါကတော့ ပြောတဲ့သူရဲ့ စိတ်ကူးပေါ်မူတည်တာပေါ့ကွယ်။ ပြောတဲ့သူက ဘယ်တော့သွားမယ်ဆိုတာကို အလေးထားပြောရင် 'မနက်ဖြန်' ဆိုတဲ့စကားကို အရင်ဆုံးပြောမိသွားတာပေါ့။ ဘာနဲ့သွားမယ်ဆိုတာကို အလေးထားရင်တော့ 'လေယာဉ်နဲ့' လို့အရင်ဆုံးစပြောမိမှာပေါ့။ ဘယ်ကိုသွားမယ်ဆိုတာကို အလေးထားရင်လည်း 'မန္တလေးကို'လို့ အရင်ဆုံးပြောမိမှာပါပဲ။ ဒီဝါကျတွေအားလုံး ဝါကျဖွဲ့ပုံမှန်တယ်လို့ လက်ခံထားကြပါတယ်ကွယ်"

**ကလေးတွေပြောတဲ့စကားအားလုံး လူကြီးတွေဆီက အတုယူတာချည်းမဟုတ်ဘူး။ သူတို့သိတဲ့စကားလုံးတွေ ကိုယ့်ဟာကိုယ် ဝါကျဖန်တီးပြောနိုင်တဲ့စွမ်းရည်က ကလေးတွေရဲ့အသိဉာဏ်ထဲမှာပါလာတဲ့ ပင်ကိုစွမ်းရည်တစ်ခုပဲလို့ဆိုတဲ့ အယူအဆတွေရှိပါတယ်**

"ဟုတ်ကဲ့ပါ ဆရာ"

"အဲ. . . အရင်အပတ်က သားတို့သမီးတို့ရဲ့ပြောတဲ့ပြဿနာဆီ ရောက်ပါပြီ။ ဝါကျဖွဲ့ပုံမှန်ပေမယ့် တချို့ဝါကျတွေက အဓိပ္ပာယ်မရှင်းတာတို့၊ အဓိပ္ပာယ်နှစ်မျိုးထွက်နေတာတို့ ဖြစ်နိုင်တယ်ဆိုတဲ့အချက်ပါပဲ"

"ရှင်းပြပါဦး ဆရာ"

"ဆိုပါစို့ 'မနက်ဖြန်လေယာဉ်နဲ့ မန္တလေးကို ဖေဖေသွားမယ်'ဆိုတဲ့ ဝါကျဟာ မနက်ဖြန်ထွက်မယ့် လေယာဉ်နဲ့ သွားမှာ၊ ဒီနေ့ထွက်မယ့်လေယာဉ်မဟုတ်ဘူးဆိုတဲ့အဓိပ္ပာယ်လည်းဖြစ်နိုင်တယ်လေ၊ ဖေဖေမနက်ဖြန်သွားမှာဆိုတဲ့ အဓိပ္ပာယ်နဲ့တော့ နည်းနည်းကွာတာပေါ့။ ဒီတော့ ဝါကျထဲက စကားလုံးတွေရဲ့ အစီအစဉ်ကို အဓိပ္ပာယ်တစ်မျိုးတည်းထွက်အောင် သတိထားစရာကလေးတွေရှိနေပါတယ်။ ဘာတွေသတိထားသင့်တယ်ဆိုတာကိုတော့ ဆက်ပြောကြသေးတာပေါ့ကွယ်"

"ဟုတ်ကဲ့၊ အများကြီးကျေးဇူးတင်ပါတယ်ဆရာ"

## မြန်မာသတင်းစာဆရာများ သတင်းကျင့်ဝတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**စစ်တွေ မတ် ၂၂**

မြန်မာနိုင်ငံတွင် မီဒီယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင့်ဝတ်လိုက်နာသောမီဒီယာသမားများ ဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)က ကြီးမှူး၍ မြန်မာသတင်းစာဆရာများ သတင်းကျင့်ဝတ် ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲများကို မြန်မာနိုင်ငံအနှံ့ နေရာရှစ်ခုခွဲကာ ကျင်းပလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ပဉ္စမမြောက်ဆွေးနွေးပွဲကို စစ်တွေမြို့ ရှုခင်းသာလမ်းရှိ River valley ခန်းမ၌ မတ် ၂၀ ရက် နံနက် ၉ နာရီကကျင်းပရာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်နန်းကလျာဝင်းက အမှာစကားပြောကြားပြီး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်လှထွန်းနှင့် ဒေါ်တင်ဇာဇော်တို့က ယာယီရေးဆွဲထားသော မီဒီယာကျင့်ဝတ်များကို ရှင်းလင်းပြောကြားပေးကြသည်။

ဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် မြို့နယ်များမှ သတင်းထောက်များ၊ စာရေးဆရာများနှင့် လေ့လာသူ စုစုပေါင်း ၅၀ ခန့်တက်ရောက်ကြပြီး အစုအဖွဲ့ငယ်များခွဲကာ မီဒီယာကျင့်ဝတ်ကို အကြံပြုဆွေးနွေးခဲ့ကြသည်။ ထို့နောက် သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးပြောကြားခဲ့ကြသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)က ရေးဆွဲထားတဲ့ မီဒီယာသမားတိုင်း လိုက်နာအပ်တဲ့ မီဒီယာကျင့်ဝတ်မူကြမ်းကို မြန်မာနိုင်ငံ တစ်နံတစ်လျားမှာရှိတဲ့ မီဒီယာသမားတွေ ကိုယ်တိုင် ဝင်ရောက်ဆွေးနွေးနိုင်ဖို့အတွက် နေရာရှစ်ခုခွဲပြီးချပြခြင်းဖြစ်ပါတယ်။ ခုပြုလုပ်နေတဲ့စစ်တွေ ဆွေးနွေးပွဲကတော့ ငါးခုမြောက်ပါ။ ဒါတွေကို မှတ်တမ်းတင်ပြီးတော့လာမယ့် မေလမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆွေးနွေးပွဲကြီးတစ်ခုကိုကျင်းပပြီး ထပ်မံအကြံပြုချက်တွေကို ရယူကာ အတည်ပြုသွားမှာပါ" ဟု မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဝင် ဦးအောင်လှထွန်းက ပြောပြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသော ပေါက်တောမြို့မှ သတင်းထောက် စမ်း(မရခိုင်)က "သတင်းသမားတစ်ယောက်ရဲ့ အလိုအပ်ဆုံးဖြစ်တဲ့ မီဒီယာကျင့်ဝတ်တွေကို သိခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ နောက်ပြီး ဒီကျင့်ဝတ်တွေကို ကိုယ်တိုင်အကြံပြု ဆွေးနွေးခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်။ အလွန်တန်ဖိုးရှိတဲ့ဆွေးနွေးပွဲလို့ ခံယူပါတယ်"ဟု သူ၏အမြင်ကို ဖွင့်ဟပြခဲ့သည်။

**ကိုကြီးစော**

## အလက(၃)မိတ္ထီလာ ယခင်မော်ဒန်ကျောင်းအာစရိယပူဇော်မည်

**မိတ္ထီလာ မတ် ၂၂**

မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမကြီးများကို ကျောင်းသား ကျောင်းသူဟောင်းများက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၀ ရက်တွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ပွဲတွင် ကန်တော့ခံဆရာ၊ ဆရာမကြီးများအတွက် ဂါရဝပြုပစ္စည်းများ၊ ကျန်းမာရေးဆေးဝါးများနှင့်အလှူငွေများကို ဦးနေဝင်း (ကျောင်းအုပ်ကြီး) ဖုန်း -၀၆၄-၂၃၆၀၃၊ ဦးမြင့်မောင် ဖုန်း-၀၆၄-၂၅၆၄၇၊ ဒေါ်မိုးခိုင်ဆွေ ဖုန်း-၀၆၄-၂၃၆၇၇၊ ဒေါ်အေးမြစိုး ဖုန်း- ၀၉-၄၇၁၁၂၇၄၈၊ ဦးမြတ်ခိုင်ဆွေ ဖုန်း-၀၉-၆၅၇၀၂၈၀၊ ဦးညွန့်ဇော် (မန္တလေး) ဖုန်း-၀၉-၂၀၅၁၆၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## မှူခင်းကျဆင်းရေးနှင့် မီးဘေးကာကွယ်ရေး အသိပညာပေး

**စလင်း မတ် ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါင်းတူးကျေးရွာအုပ်စု၌ မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခြင်းကို စလင်းမြို့ မြို့နယ်မှူး ရဲမှူးဦးခင်မောင်ရှိန်နှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအသိပညာပေးဟောပြောမှုကို မီးသတ်ဦးစီးမှူး ဦးဌေးမော်တို့က ဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲကို ဒေသခံ ၂၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မြန်မာနိုင်ငံ၏ မဟာဗျူဟာအရေးပါမှုကြောင့် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်စေမည်ဟုယူဆကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီရို ကီရှီဒါ ပြောကြား

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီရို ကီရှီဒါ (H.E Mr. Fumio KISHIDA )သည် မြန်မာနိုင်ငံသို့ မတ် ၂၃ ရက်တွင် လာရောက်မည်ဖြစ်သည်။

၎င်း၏ နှစ်ရက်ကြာခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ နှစ်နိုင်ငံ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီရို ကီရှီဒါ

မစ္စတာ ကီရှီဒါအား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တစ်ဆင့် ဆက်သွယ်မေးမြန်းဖြေကြားခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည်။

**မေး ။ ။ ယခုလက်ရှိ ကဏ္ဍအသီးသီးမှာ မြန်မာ-ဂျပန်နှစ်နိုင်ငံစလုံးက နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် ကြိုးစားနေတဲ့နေရာမှာ မျက်မှောက်အခြေအနေအရ ဝန်ကြီးရဲ့အလည်အပတ်ခရီးစဉ်က နှစ်နိုင်ငံဆက်ဆံရေးအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိနိုင်ပါသလဲ။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ ဘောလုံးအားကစားကို အလွန်လူကြိုက်များတယ်လို့ ကြားသိရပါတယ်။ ဂျပန်နိုင်ငံဟာ ဒီနှစ် ဘရာဇီးနိုင်ငံမှာ ကျင်းပမယ့် World Cup ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဂျပန်ဘောလုံးအသင်းဟာ ဘောလုံးအပေးအယူ ခပ်စိပ်စိပ်လုပ်တဲ့ ချိတ်ဆက်ကစားဟန်ဆိုပြီး ကျော်ကြားပါတယ်။ အမှန်တော့ ဒီကစားနည်း ကစားဟန်ဟာ လွန်ခဲ့တဲ့နှစ် ၁၀၀ လောက်က မြန်မာနိုင်ငံကနေ ဂျပန်နိုင်ငံကို ပညာတော်သင်အဖြစ် လာရောက်ခဲ့တဲ့ ကိုကျော်ဒင်က အဲဒီအချိန်က ဂျပန်လက်ရွေးစင်ဘောလုံးကစားသမားတွေကို လေ့ကျင့်သင်ကြားပေးတာကနေ အစပြုခဲ့တယ်လို့ ဆိုကြပါတယ်။

အဲဒီလို နှစ်ပေါင်းရှည်ကြာစွာ ကူးလူးဆက်ဆံခဲ့တဲ့ သမိုင်းဝင် နှစ်နိုင်ငံဆက်ဆံရေးဟာ ၂၀၁၁ ခုနှစ် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ် မေလမှာ ဂျပန်ဝန်ကြီးချုပ် Mr.Shinzo Abe ရဲ့ မြန်မာနိုင်ငံအလည်အပတ်ခရီးစဉ်၊ ဒီဇင်ဘာလမှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဂျပန်နိုင်ငံအလည်အပတ်ခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးဟာ အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့ပါတယ်။

၂၀၁၃ ခုနှစ် စက်တင်ဘာလမှာ ကျွန်တော်ကိုယ်တိုင်လည်း မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ နယူးယောက်မြို့မှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး မူဝါဒနဲ့စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။

ကျွန်တော်တို့ ဂျပန်လူမျိုးတွေအနေနဲ့ ယေဘုယျအားဖြင့် သိရှိထားတဲ့ မြန်မာနိုင်ငံရဲ့ပုံရိပ်ဆိုတာက စိမ်းလန်းစိုပြည်တဲ့ တောတောင်တွေနဲ့ လယ်ကွင်းတွေ၊ တိုင်းရင်းသားလူမျိုးစုတွေနဲ့ ရိုးရာယဉ်ကျေးမှုအမျိုးမျိုး ကွဲပြားခြားနားမှုတွေအပြင် ဂျပန်နိုင်ငံနဲ့ နက်ရှိုင်းတဲ့သမိုင်းဝင်ဆက်ဆံမှုရှိတဲ့နိုင်ငံဆိုတဲ့ အချက်တွေပဲဖြစ်ပါတယ်။ ယခုတစ်ကြိမ်ဟာ ကျွန်တော့်အနေနဲ့လည်း ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံကို အလည်အပတ်လာရောက်ခြင်းဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခွင့်ရမှာကို အလွန်ပဲပျော်ရွှင်စွာ စောင့်မျှော်နေပါတယ်။ ဒါ့အပြင် နိုင်ငံခြားရေးဝန်ကြီးနဲ့ အခြားနိုင်ငံတော်အကြီးအကဲများနဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေးနဲ့ ဆက်ဆံရေးမူဝါဒတွေနဲ့ ပတ်သက်လို့ ပွင့်ပွင့်လင်းလင်းအမြင်ချင်းဖလှယ်ဖို့ ဆန္ဒရှိပါတယ်။

**မေး ။ ။ ယခုအလည်အပတ်ခရီးစဉ်ရဲ့ ရည်ရွယ်ချက်ကိုသိပါရစေ။ အကြောင်းအရာသီးသန့် ရှိ မရှိ သိလိုပါတယ်။**

ဖြေ ။ ။ ယခုခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက် သုံးချက်ရှိပါတယ်။ ပထမအချက်ကတော့ ယခုနှစ်ဟာ ဂျပန်-မြန်မာသံတမန်ဆက်ဆံရေးနှစ် (၆၀) ပြည့်မြောက်တဲ့နှစ်ဖြစ်ပါတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့နှစ်နောက်ပိုင်းမှာ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုဟာ ပိုမိုကျယ်ပြန့်လာပြီး အဲဒီပူးပေါင်းဆောင်ရွက်မှုကို ပုံမှန်ဖြစ်လာအောင်ပြုလုပ်ဖို့နဲ့ အသစ်တစ်ဖန်ပြုလုပ်မယ့် ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်လို့ အမြင်ချင်းဖလှယ်ဖို့ စဉ်းစားထားပါတယ်။

ဒုတိယအချက်က မြန်မာနိုင်ငံဟာ ယခုနှစ်မှာ ပထမဆုံးအကြိမ် အာဆီယံအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပြီး ဂျပန်နိုင်ငံနဲ့အာဆီယံအကြား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနဲ့ထိပ်သီးအစည်းအဝေးတွေ အပါအဝင် အစည်းအဝေးအမြောက်အမြားကို လက်ခံကျင်းပရမှာ ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးတွေနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ဂျပန်နိုင်ငံက

တွေ့ဆုံ မေးမြန်းသူ ➢ ဒေါက်တာ သာစိန်

သတိပြုမိတဲ့ ပြဿနာတွေအပေါ်ထားရှိတဲ့ ထင်မြင်ယူဆချက်ကို ရှင်းလင်းတင်ပြသွားဖို့ စဉ်းစားထားပါတယ်။

နောက်ဆုံးအချက်ကတော့ ဂျပန်နိုင်ငံဟာ Proactive Contributor to Peace (ငြိမ်းချမ်းရေးကို တက်ကြွစွာအားပေးထောက်ခံတဲ့မူဝါဒ) မူဝါဒကို ကျင့်သုံးလျက်ရှိပြီး တိုင်းရင်းသားလူမျိုးစုတွေအတွက် အထောက်အပံ့ပေးရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့်ငါးနှစ်အတွင်း ဂျပန်ယန်း ၁၀ ဘီလီယံပမာဏရှိတဲ့ အထောက်အပံ့တွေကို ပေးအပ်သွားဖို့ ဇန်နဝါရီလက ကြေညာခဲ့ပါတယ်။ ဒါ့အပြင် ဂျပန်အစိုးရရဲ့ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr.Yohei SASAKAWA ကို မြန်မာနိုင်ငံသို့ မကြာခဏအလည်အပတ်လာစေပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အားသွန်ခွန်စိုက် တွန်းအားပေးလုပ်ဆောင်နေပါတယ်။ အခုခရီးစဉ်မှာလည်း မြန်မာနိုင်ငံအစိုးရနဲ့ တိုင်းရင်းသားလူမျိုးစုများအကြား ငြိမ်းချမ်းရေးအမြန်ဆုံးလက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ဖို့ ဂျပန်နိုင်ငံအနေနဲ့ အမြင်ချင်းဖလှယ်မှာဖြစ်ပါတယ်။

အဲဒီလိုအကြောင်းရင်းတွေကြောင့် ဂျပန်-မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေးဟာ ကဏ္ဍအမြောက်အမြားမှာ တည်တံ့ခိုင်မြဲသွားမယ်လို့ အခိုင်အမာယုံကြည်ပါတယ်။ ကျွန်တော့်ရဲ့ ဒီခရီးစဉ်က အဲဒီအတွက် အထောက်အကူပြုမယ်လို့ မျှော်လင့်ပါတယ်။

**မေး ။ ။ ဂျပန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးဟာ ဘယ်လောက်အတိုင်းအတာအထိ တိုးတက်သွားနိုင်ပါသလဲ။ အဲဒီအချက်နဲ့ပတ်သက်လို့ အဆွေတော်ဝန်ကြီးအနေနဲ့ ဘယ်လိုထင်မြင်ယူဆပါသလဲ။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ အဓိကအချက်သုံးချက်ကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေမယ့် အလားအလာရှိတယ်လို့ ထင်ပါတယ်။

ပထမတစ်ချက်က မြန်မာနိုင်ငံရဲ့ မဟာဗျူဟာအရ အရေးပါမှုဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အာဆီယံအသိုက်အဝန်းထူထောင်ဖို့အတွက် မြန်မာနိုင်ငံဟာ အာဆီယံနဲ့ တောင်အာရှတိုက်ကို ဆက်သွယ်ပေးတဲ့နိုင်ငံဖြစ်လို့ မဟာဗျူဟာအရ အရေးကြီးပါတယ်။ ဂျပန်နိုင်ငံဟာ အရင်ကတည်းက အာဆီယံတစ်ခုလုံး ချိတ်ဆက်မှုခိုင်မာစေဖို့အတွက် ODA အထောက်အပံ့တွေ ပေးအပ်လျက်ရှိပြီး အဲဒီအတွက် မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍမှာလည်း အင်တိုက်အားတိုက်လုပ်ဆောင်သွားမယ်လို့ စဉ်းစားထားပါတယ်။

ဒုတိယအချက်က မြန်မာနိုင်ငံရဲ့ အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းရဲ့ အချက်အချာဖြစ်မှုနဲ့ ဈေးကွက်တို့မှာ ပင်ကိုဆွဲဆောင်မှုရှိပါတယ်။ လက်ရှိ ဂျပန်နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာသစ်အရ အာဆီယံနိုင်ငံအသီးသီးနဲ့ စီးပွားရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို လေးလေးနက်နက်လုပ်ဆောင်လျက်ရှိပါတယ်။ အထူးသဖြင့် Win-Win Situation ဖြစ်တဲ့ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်နိုင်လိမ့်မယ်လို့ တထစ်ချယုံကြည်ပါတယ်။

တတိယအချက်က ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ရှေးအစဉ်အဆက်တည်ရှိခဲ့တဲ့ အလွန်ခိုင်မြဲတဲ့သံယောဇဉ်ဖြစ်ပါတယ်။ နှစ်နိုင်ငံဟာ သမိုင်းနဲ့ ယဉ်ကျေးမှုကူးလူးဆက်ဆံတာတွေကို နှစ်ပေါင်းကြာရှည်စွာ လေးလေးနက်နက်ပြုလုပ်လာခဲ့ကြပါတယ်။ အဲဒီလိုပြုလုပ်တာဟာ နှစ်နိုင်ငံရဲ့ယုံကြည်မှုကို အထောက်အကူဖြစ်စေပြီး နောက်ပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေတဲ့အခြေခံဖြစ်ပါတယ်။

**မေး ။ ။ အနာဂတ်မြန်မာနိုင်ငံစီးပွားရေးနဲ့ မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်လို့ အဆွေတော်ဝန်ကြီးအနေနဲ့ ဘယ်အခန်းကဏ္ဍကို အလေးထားဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပထမဦးဆုံးအခြေခံအဆောက်အအုံတွေ တည်ဆောက်ဖို့အရေးကြီးပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံအတွက် ပြီးခဲ့တဲ့နှစ်ကတည်းက စုစုပေါင်း ဂျပန်ယန်းငွေ သန်းတစ်သိန်းငါးသောင်းကျော်တန်ဖိုး ODA အထောက်အပံ့တွေပေးအပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ နောက်ထပ်လည်း ပြည်သူတွေရဲ့ လူနေမှုဘဝမြှင့်တင်ရန် လူမှုစီးပွားရေးအတွက် အထောက်အကူပြုတဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နဲ့ နည်းစနစ်ကောင်းမွန်အောင် ပြုပြင်ရန်အတွက်လည်း ကူညီလုပ်ဆောင်လျက်ရှိပါတယ်။

တစ်ဖက်မှာလည်း မြန်မာနိုင်ငံမှာ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား မရှိမဖြစ်လိုအပ်ပါတယ်။ ဂျပန်နိုင်ငံဟာ မနှစ်ကတည်းက သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်းမှာ အစိုးရနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေက အဘက်ဘက်ကနေ အစွမ်းကုန်အားပေးကူညီလုပ်ဆောင်လျက်ရှိပြီး အလုပ်အကိုင်ပိုမိုရရှိရေးအတွက်လည်း အထောက်အကူပြုလိမ့်မယ်လို့မျှော်လင့်ပါတယ်။ ဒါ့အပြင် မနှစ်က မြန်မာနိုင်ငံမှာ နှစ်နိုင်ငံအကြားလွတ်လပ်တဲ့ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပထမဦးဆုံးလက်မှတ်ရေးထိုးခဲ့တဲ့အပြင် လေကြောင်းဆိုင်ရာသဘောတူစာချုပ်ကိုပြင်ဆင်ပြီး နှစ်နိုင်ငံလေကြောင်းလိုင်းတိုးချဲ့ဖို့လုပ်ဆောင်ခဲ့သလို ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းတည်ဆောက်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖန် "ဂျပန်-မြန်မာ ကနဦးပူးပေါင်းဆောင်ရွက်မှု" ဆိုတဲ့ အစိုးရနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေ တွေ့ဆုံဆွေးနွေးတဲ့မူဘောင်ကိုတည်ထောင်ခဲ့ပြီး လက်တွေ့ကျကျ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းမွန်စေတဲ့လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ။

## ပြည်တွင်းသတင်း

### ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ကျင်းပ

စစ်တွေ မတ် ၂၂

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို မတ် ၂၀ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ မေးခွန်းငါးခုမေးမြန်းဖြေကြားခြင်း၊ အမ်းမြို့နယ်ကို အမ်းခရိုင်အဖြစ် တိုးမြှင့်ဖွဲ့စည်းရန်နှင့် အမ်းခရိုင်တွင် မြေပုံမြို့နယ်၌ ပါဝင်သော ကမ်းထောင်ကြီးမြို့နှင့် တောင်ကုတ်မြို့နယ်၌ပါဝင်သော မအီမြို့တို့ကို ထည့်သွင်း၍ ဖွဲ့စည်းသင့်သည်ဟု ပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းပြီး ကဏ္ဍအလိုက်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးခြင်းနှင့် ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များ စသည့် ဌာန/အဖွဲ့အစည်းရှစ်ခုတို့၏ သာမန်အသုံးစရိတ် လျာထားချက်စာရင်းများကို သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်း တင်သွင်းခဲ့ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

### ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ကျင်းပ

မြစ်ကြီးနား မတ် ၂၂

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို မတ် ၂၀ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ၁၀ ခုကို မေးမြန်းဖြေကြားသည်။

ထို့နောက် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်းနှင့်သွေးခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် လျှပ်စစ်မီတာတပ်ဆင်ခနှင့် ဓာတ်အားခများ သင့်တင့်မျှတစွာ လျှော့ချပေးရန်အဆိုကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(ပြည်နယ် ပြန်/ဆက်)

### လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းနှင့်ပတ်သက်၍ ရှင်းလင်း

ရန်ကုန် မတ် ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဧပြီ ၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အားခများ တိုးမြှင့်ကောက်ခံတော့မည်ဖြစ်ရာ တိုးမြှင့်ကောက်ခံရသည့် အကြောင်းအရင်းများနှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများသို့ ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို မတ် ၂၀ ရက်က အမှတ်(၈)ရပ်ကွက် မဟာပိန္နဲဘုရားကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လသာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ခိုင်က ရှင်းလင်းပြောကြားပြီး ရပ်ကွက်နေပြည်သူအချို့က သိရှိလို၍ မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

**ပြည်သူ့အကျိုး ဖော်ဆောင်ဖို့**
**အခွန်မှန်စွာ ပေးဆောင်စို့**

## ပြည်တွင်းသတင်း

✳ ရှေ့ဖုံးမှ

အဆိုပါ ကလေးဆေးရုံကြီး(ရန်ကင်း)သည် ယခင်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးဟောင်းနေရာဖြစ်ပြီး ခုတင်(၅၅၀) ဆံ့ ကလေးအထူးကုဆေးရုံကြီး အဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ရန် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်တွင် လက်ခံထိန်းသိမ်းရေးအဖွဲ့ထံမှ ကျန်းမာရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံခဲ့သည်။

**စတင်ဖွင့်လှစ်**

ထို့နောက် မက်(စ်)မြန်မာကုမ္ပဏီအုပ်စုနှင့် ဧရာဝတီဖောင်ဒေးရှင်းက ခုတင်(၅၅၀)ဆံ့ခေတ်မီကလေးအထူးကုဆေးရုံကြီးအဖြစ် လိုအပ်သလို ပြုပြင်မွမ်းမံခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ဆေးရုံအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ၊ ပရိဘောဂများ၊ ဓာတ်လှေကားများနှင့် ဝန်ထမ်းနေအိမ်များအပါအဝင် ငွေကျပ် သိန်းပေါင်း တစ်သိန်းကျော်ကို အကုန်အကျခံကာ ပြုပြင်တည်ဆောက်လှူဒါန်းပေးခဲ့ပြီး ၂၀၁၁ ခုနှစ် မတ် ၁၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးသို့ရောက်ရှိပြီး မွေးကင်းစဆောင်၊ ဆေးကုသဆောင်၊ အထူးကြပ်မတ်ကုသဌာန၊ ခွဲစိတ်ခန်းမကြီးနှင့် ဆေးသိုလှောင်ခန်းအပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရန်ကုန်ကလေးဆေးရုံကြီးတိုးချဲ့ဆောင်သစ်ရှိ အစည်းအဝေးခန်းမ၌ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ ခေတ္တဆေးရုံအုပ်ကြီး ပါမောက္ခ/ ဌာနမှူး ဒေါက်တာရဲမြင့်ကျော်က ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**အမှာစကားပြောကြား**

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အမှာစကားပြောကြားသည်။

ယင်းမှတစ်ဆင့် လမ်းမတော်မြို့နယ် ဗဟိုလမ်းရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများ၏ မိဘဆွေမျိုးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်ချက်များကို မေးမြန်းပြီး ခွဲပြီးလူနာခန်း၊ မခွဲမီလူနာခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ရေးဌာနနှင့် မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်တို့အပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် New Lecture Theatre ၌ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေက ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ လမ်းမတော်မြို့နယ်ရှိ ခုတင်(၅၀၀) ဆံ့ အထူးကုဆေးရုံကြီးသို့ရောက်ရှိပြီး အရိုးအကြောအဆစ်ဆေးပညာဌာန၊ အသည်းရောဂါအထူးကုဌာန၊ ဆီးနှင့်ကျောက်ကပ်ဆေးအထူးဌာန၊ အဆုပ်နှင့် ရင်ခေါင်းဆေးကုဌာနအပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ညွန့်ညွန့်ဝေက သိရှိလိုသည်များကို လိုက်လံရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လမ်းမတော်မြို့နယ်ရှိ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းမှတစ်ဆင့် လမ်းမတော်မြို့နယ်ရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ရောက်ရှိကာ ဆေးဝါးကုသမှုခံယူနေကြသည့်ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး အစည်းအဝေးခန်းမ၌ ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်တင်က ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့်လိုအပ်ချက်များကို မေးမြန်းပြီး အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီး(ရန်ကင်း)၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်အတွင်း ဆရာကြီး ဆရာမကြီးများနှင့်ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာ၌ "ယခုမိမိတို့ရောက်ရှိလာခြင်းသည် တာဝန်ထမ်းဆောင်နေသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို အားပေးရန်နှင့်ဆေးရုံအခြေအနေနှင့်လိုအပ်ချက်များကို သိရှိနိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးကဏ္ဍအတွက် ဘတ်ဂျက်များကို လေးဆတိုးပေးထားပြီး ရှေ့အနာဂတ်တွင်လည်း ယခုထက်ပိုမိုတိုးပေးရန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပြောင်းလဲမှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောင်းလဲမှုမှာလည်း တစ်ထပ်တည်းကျရန်လိုကြောင်း၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များရှိပါကလည်း တင်ပြကြစေလိုကြောင်း၊ နိုင်ငံတော်အပိုင်းက လုပ်ဆောင်စရာရှိသည်များကို လုပ်ဆောင်ပေးနေသကဲ့သို့ ဆရာကြီး ဆရာမကြီးများကလည်း နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများအနေဖြင့် ခေတ်နှင့်အညီ တိုးတက်လာစေရန် ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ ဆေးရုံ၏နာမည်ကောင်းကျန်ရစ်ရန် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များကိုလည်း ပိုမိုမွေးထုတ်နိုင်ရန်အတွက် ဆွေးနွေးအကြံပြုကြရန်လိုအပ်ကြောင်း၊ ဆေးရုံပရိဝုဏ်အတွင်း သန့်ရှင်းသပ်ရပ်ရေး၊ ဆေးသိုလှောင်ရုံနှင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက်ကိုလည်း အစဉ်သတိပြုရန် လိုအပ်ကြောင်း" ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများက တင်ပြကြသည့် လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

---

✳ ရှေ့ဖုံးမှ

ဧည့်သည်များ ရေပူစိမ်ခြင်း၊ ရေချိုးခြင်းများ ပြုလုပ်နိုင်သည့် ရေကန်သည် အနံ ပေ ၅၀ နှင့် အလျား ပေ ၆၀ ခန့်ရှိပြီး ကွန်ကရစ်နံရံများဖြင့် ရေကန်ပတ်လည်တွင် ပြုလုပ်ထားသည်။ အဆိုပါ ရေပူကန်သည် အနက်ဆုံး ကန်အလယ်နေရာ၌ ၁၀ ပေခန့်နက်ကြောင်း သိရသည်။ ယင်းရေပူကန်မှ ရေပူများကို ရေမြောင်းပြုလုပ်ကာ ရေစီးဆင်းစေရန်လည်း ပြုလုပ်ထားပြီး ၄င်းရေမြောင်း တစ်ဖက်တစ်ချက်တွင်လည်း ခြေထောက်များချကာ ရေပူစိမ်နိုင်ရန် ပြုလုပ်ပေးထားသည်။

လားရှိုးရေပူစမ်းတွင် အပေါ်ရေပူကန်မှ သဘာဝရေပူများကို အောက်ရေကန်သို့ ပေးပို့ထားခြင်းဖြစ်ကြောင်း၊ အပေါ်ရေပူကန်သည် ယခုအခါ ကွန်ကရစ်နံရံများဖြင့် အခိုင်အမာပြုလုပ်ထားပြီး ဧည့်သည်များအတွက် ရေအပူချိန်မြင့်မားသဖြင့် အသုံးပြုခွင့် မပြုထားကြောင်း သိရသည်။

ရေပူစမ်းတွင် ဧည့်သည်များအတွက် အဝတ်လဲခန်း ၁၆ ခန်းကို အုတ်နံရံများဖြင့် အခန်းများဖွဲ့စည်းပေးထားရာ အမျိုးသားများအတွက် ရှစ်ခန်းနှင့် အမျိုးသမီးများအတွက် ရှစ်ခန်းရှိသည်ကို တွေ့ရသည်။ လားရှိုးရေပူစမ်းသို့ နံနက်ပိုင်းနှင့် ညနေပိုင်းအပြင် ညပိုင်းများတွင်လည်း လျှပ်စစ်မီးများ ထွန်းပေးထားသဖြင့် လာရောက်ကြကြောင်း၊ ရေပူလာစိမ်ကြကြောင်း၊ ၂၄ နာရီ ဖွင့်ပေးထားကြောင်း သိရသည်။

ရေပူစမ်းတွင် အပေါ်ကုန်းမြင့်ထက်၌ သီးသန့်ရေပူရေချိုးခန်းပေါင်း ၅၀ ခန့်နှင့် အထူးသီးသန့်ရေပူရေစိမ်ရေချိုးခန်း ငါးခန်းရှိသည်။ သီးသန့်ရေပူရေချိုးခန်းတွင် ရေပူစမ်းမှ ရေပူများကို ပိုက်ဖြင့်သွယ်တန်းတင်ပေးပြီး အုတ်ကန်အတွင်း ရေပူများဖြင့် ရေချိုးခြင်းဖြစ်ရာ မိနစ် ၃၀ လျှင် တစ်ဦးကို ငွေကျပ် ၇၀၀ သတ်မှတ်ထားသည်။ အထူးသီးသန့်ရေပူချိုးခန်းများတွင် ရေပူဖြင့် တစ်ကိုယ်လုံးစိမ်နိုင်သည့်အပြင် ဆပ်ပြာ၊ ခေါင်းလျှော်ရည် စသည်တို့ ဖြည့်ဆည်းပေးထားရာ တစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် တစ်ကြိမ်လျှင် မိနစ် ၃၀ ကြာ ရေပူစိမ်ပြီး ချိုးနိုင်သည်။

သဘာဝရေပူစမ်းမှ ရေစိမ်ခြင်းကြောင့် လေဖြတ်နေသူများ၊ အကြောရောဂါခံစားနေသူများ၊ ကိုယ်လက်အဆစ်အမျက် ကိုက်ခဲနာကျင်နေသူများ သက်သာပျောက်ကင်းနိုင်ကြောင်း သိရသည်။ အရေပြားရောဂါကို သက်သာပျောက်ကင်းစေပြီး သွေးလည်ပတ်မှု ကောင်းမွန်စေသဖြင့် လာရောက်သူမပြတ် စည်ကားလျက်ရှိသည်။

ယခုအခါ လားရှိုးရေပူစမ်း သဘာဝအပန်းဖြေစခန်းကို အဆင့်မီစွာ ပြန်လည်တည်ဆောက်မှုများ ပြုလုပ်တော့မည်ဖြစ်ရာ ခရီးသွားလုပ်ငန်းအတွက် အပန်းဖြေစရာ နေရာကောင်းတစ်ခု ထွက်ပေါ်လာတော့မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

---

# မလေးရှားနိုင်ငံ မြန်မာသံရုံးမှ မြန်မာအလုပ်သမားများအား အသိပေး

**ကွာလာလမ်ပူ မတ် ၂၂**

မလေးရှားနိုင်ငံ မြန်မာသံရုံးမှ မလေးရှားကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍ မြန်မာအလုပ်သမားများအားအသိပေးကြေညာထားကြောင်း မလေးရှားရောက် မြန်မာများ၏ ဆက်သွယ်ပြောချက်အရ သိရသည်။

အဆိုပါ မလေးရှားနိုင်ငံ မြန်မာသံရုံးမှ မြန်မာအလုပ်သမားများအား အသိပေးကြေညာထားချက်အရ မလေးရှားနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင်နေထိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသား တရားမဝင် အလုပ်သမားများအား တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးမည့် လက်ဗွေနှိပ်၍ မှတ်ပုံတင်ခြင်းအစီအစဉ် (Cooperation in Registration, Legalization and Deportation of Undocumented Myanmar Workers in Malaysia)ကို ဆောင်ရွက်ရန် နှစ်နိုင်ငံအစိုးရမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိနေကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆဲကာလဖြစ်သည့်အတွက် ယခင်က မလေးရှားကုမ္ပဏီဖြစ်သော Seroja Anggerik Company ကို ဆောင်ရွက်ပေးနိုင်ပါရန် တာဝန်ပေးထားမှုကို ဖေဖော်ဝါရီ ၂၅ ရက်ကပင် တရားဝင်ရပ်ဆိုင်းထားခဲ့ပြီး ဖြစ်ကြောင်းနှင့် ယင်းသို့ ရပ်ဆိုင်းထားပြီးဖြစ်ကြောင်းကိုလည်း မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသို့လည်း တရားဝင်အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ ထို့အတွက်ကြောင့် ယင်း Seroja Anggerik Company မှ OSC အမည်ဖြင့် One Stop Service ဖွင့်လှစ်ကာ မြန်မာနိုင်ငံသားများကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်နေခြင်းမှာ မြန်မာသံရုံးနှင့်ပတ်သက်ခြင်း မရှိပါကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

**စိုးဝင်း(SP)**

---

# မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

**မိုးညှင်း မတ် ၂၂**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။ အဆိုပါ သင်တန်းဆင်းပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် မိုးညှင်းမြို့နယ် စိမ်းလဲ့ရတနာခန်းမ၌ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူးမြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်စွာအောင်က ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် စာရင်းစစ်၊ စာရင်းကောက်များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အရေးကြီးသောလုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကိုကျေပွန်စွာဖြင့်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းအမှာစကားပြောကြားသည်။ ပြည်နယ်အဆင့် နည်းပြသင်တန်းတက် ရောက်ခဲ့သော မိုးညှင်းမြို့နယ်ပညာရေးဦးစီးဌာန ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းတင့်က သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းတက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူများအား ခန့်အပ်လွှာများကို မိုးညှင်းမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်စွာအောင်က ချီးမြှင့်ပေးအပ်သည်။

**(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ နှစ်(၆၀) ပြည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နှင့်စပ်လျဉ်း၍ ဘာသာကြီးလေးဘာသာမှ ကိုယ်စားလှယ်များ ဟောပြောပွဲကျင်းပ

**မြန်မာနိုင်ငံဘာသာ ပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့က ကြီးမှူး၍ နှစ်(၆၀)ပြည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ချက်နှင့်စပ်လျဉ်း၍ ဘာသာကြီး လေးဘာသာမှ ကိုယ်စားလှယ်များ ဟောပြောပွဲ ကျင်းပစဉ်။**

ရန်ကုန် မတ် ၂၂

တစ်နိုင်ငံနယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်မကျူးကျော်ရေး၊ တစ်ဦး၏ ပြည်တွင်းရေးကို တစ်ဦးဦးမှ ဝင်ရောက်မစွက်ဖက်ရေး၊ တန်းတူညီမျှရေးနှင့် အပြန်အလှန် အကျိုးပြုရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး စသည့် မူကြီး(၅) ချက်ကို အခြေခံ၍ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူး၍ နှစ်(၆၀)ပြည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက်နှင့်စပ်လျဉ်း၍ ဘာသာကြီးလေးဘာသာမှ ကိုယ်စားလှယ်များ ဟောပြောပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ ဝိုင်အမ်စီအေ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာကြီးလေးဘာသာမှ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နှစ်(၆၀)ပြည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကိုယ်စားလှယ်အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က လည်းကောင်း၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက အစ္စလာမ်ဘာသာကိုယ်စားလှယ် အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်ကလည်းကောင်း၊ ဟိန္ဒူဘာသာ ကိုယ်စားလှယ် ဒေါက်တာသလင်းသိန်းက လည်းကောင်း၊ ခရစ်ယာန်ဘာသာကိုယ်စားလှယ် သိက္ခာတော်ရဆရာဒေါက်တာစောမာဂေကြီးက လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသာညဏ်က "ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ငြိမ်းချမ်းရေးရဖို့၊ ဘာသာရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခ အသွင်ဆောင်သော အယူသီးသောသူများ၊ အစွန်းရောက်သောသူများ၊ ပညာရေး နည်းပါးသောသူများ၊ တစ်ဘာသာနဲ့တစ်ဘာသာအကြောင်း ဗဟုသုတ နည်းပါးသူများကို အသိပညာပေးဖို့ အမြဲတမ်းစဉ်းစားနေပါတယ်။ ဒီလိုပညာပေးနိုင်မှ အဲဒီလူတွေအမြင်မှန်ရသွားမှ ပဋိပက္ခတွေ ချုပ်ငြိမ်းမယ်။ ဒီနေ့ ဘာသာ လေးဘာသာကနေ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူ (၅)ချက်ကို အခြေခံပြီး ဆွေးနွေးဟောပြောလိုက်တဲ့အခါ ဘာသာလေးဘာသာလုံး ဒီမှာ ရှိနေတယ်။ တစ်ယောက်ကနေ ထပ်ပွားမယ်၊ ထပ်ပွားမယ်ဆိုရင် နိုင်ငံအဝန်းရောက်တော့မယ်။ နိုင်ငံအဝန်းကို အဲဒီအသိပညာဗဟုသုတတွေ ရောက်သွားရင် အယူသီးမိတာတွေ ဘာမှရည်ရွယ်ချက်မရှိဘူး။ အယူသီးမိတဲ့သူတွေကို အမြင်မှန်ရအောင် ကူညီပြီးတော့ အဓိပ္ပာယ် အသစ် ဖွင့်ပေးလို့ရတယ်။ အသိအမြင် ကောင်းလာအောင် လုပ်ပေးလို့ရတယ်။ ဒါကြောင့်မို့ ဒီဟောပြောပွဲ လုပ်ရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

**ရီရီသန့်**

# အထူးစီးပွားရေးဇုန်နှင့်အတူ ပြောင်းလဲလာသည့် လူမှုဘဝအရွေ့များ

**ဆောင်းပါး-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်**

တပေါင်းလ၏ နေရောင်အောက်တွင် သစ်ပင်ကင်းမဲ့နေသော ကွန်ကရစ်မြောင်းပေါင်နှစ်ခုကြား ကိုးပေအကျယ်အဝန်းရှိ မညီမညာဂဝံမြေသား လမ်းမ၊ ညီညာစွာပိုင်းခြားထားသော (၂၅×၅၀) ပေ အကျယ်ခြံဝင်းများ၌ အိမ်များ၏ သွပ်မိုးသစ်များသည် အပူငွေ့ကြောင့်တံလျှပ်ထနေသည်။ သစ်သားအိမ်များရှေ့တွင် ရပ်နားထားသည့် အသစ်စက်စက်ဆိုင်ကယ်များနှင့် အိမ်တိုင်းလိုလိုမှ ကျယ်ကျယ်လောင်လောင်တေးသီချင်းသံတို့သည် မြိုင်သာယာတိုးချဲ့ရပ်ကွက်သစ်အတွင်း လွင့်ပျံ့လျက်ရှိနေသည်။

ကျောက်တန်းကားလမ်းမကြီးနံဘေး ဘန့်ဘွေးကုန်းဆည်အနီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ပိုင်ဆိုင်သည်ဟု သိရသော မြိုင်သာယာတိုးချဲ့ရပ်ကွက်သစ်ပေါ်တွင် အကွက်ရိုက်ပြီးသား မြေကွက် ၆၈ ကွက်နှင့်သစ်သားလုံးချင်းအိမ်အသစ်များ နေ့ချင်း ညချင်းဆိုသလို ပေါ်ပေါက်လာခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာပြည်၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀ သာဝေးကွာသော သီလဝါဆိပ်ကမ်းအနီး၌ ၂၀၁၅ နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံ၏ ပထမဆုံးအထူးစီးပွားရေးဇုန်တစ်ခုထွက်ပေါ်လာမည်ဖြစ်သည်။

ယင်းအထူးစီးပွားရေးဇုန် စီမံကိန်းကြောင့်ပင် ပြောင်းရွှေ့ခဲ့ရသော ရွာသားများမှာ ယခင်ကကျယ်ပြောသည့်လယ်တောမြေတွင် အိမ်မွေးတိရစ္ဆာန် ကျွဲ၊ နွားများနှင့်အတူ ခနိုမိုးဝါးထရံကာ တဲအိမ်ငယ်လေးများဖြင့် နေထိုင်ခဲ့ရာမှ ပြန်လည်နေရာချထားသည့် မြိုင်သာယာတိုးချဲ့ရပ်ကွက်သစ်သို့ မြို့ပြလူနေမှုပုံစံဖြင့် ရုတ်တရက်အခြေချနေထိုင်ခဲ့ရပြီဖြစ်သည်။

မြိုင်သာယာတိုးချဲ့ရပ်ကွက်သစ်

မြိုင်သာယာတိုးချဲ့ရပ်ကွက်သစ်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သူက "လျော်ကြေးသိန်း ၁၈၀ လောက်ရတယ်။ အရင်ကနေတာ တဲအိမ်ဆိုပေမယ့် ကိုယ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခြံကျယ်ကျယ်ဝန်းဝန်းနဲ့နေလာတာ။ တစ်အိမ်နဲ့တစ်အိမ်ဆို အဝေးကြီး၊ အခုလိုရေနဲ့လျှပ်စစ်မီးနဲ့ဆိုတော့လည်း လူနေမှုပုံစံကွာလာတယ်လို့တော့ ပြောနိုင်ပြီပေါ့လေ" ဟု အိမ်သုတ်ဆေးနံ့ မပြယ်သေးသည့် သစ်သားအိမ်သစ်၏ ဧည့်ခန်းတွင် မီးပူတိုက်နေရင်းမှဆိုသည်။

အထူးစီးပွားရေးဇုန် စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသော ဒေသခံများသည် နေအိမ်၊ ခြံ၊ လျှပ်စစ်မီး၊ ရေ စသည့် မြို့ပြလူနေထိုင်မှုစနစ်မျိုးကို ပိုင်ဆိုင်ခွင့်ရခဲ့ကြသည်။ တိရစ္ဆာန်မွေးမြူသူများအတွက် တိရစ္ဆာန် တန်ဖိုး၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများအတွက် ခြောက်နှစ်စာဝင်ငွေ သီးနှံလျော်ကြေး၊ တောင်ယာလုပ်ငန်းလုပ်ကိုင်သူများအတွက် လေးနှစ်စာ ဝင်ငွေရှိသော သီးနှံလျော်ကြေးများနှင့် အခြားပံ့ပိုးမှုများစွာ ပေးအပ်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီက တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသော ဒေသခံများဘက်မှ ပြန်ကြည့်မည်ဆိုပါက ယင်းတို့၏ လယ်ယာမြေများနှင့်အတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စွန့်လွှတ်ခဲ့ရသည်။ စီမံကိန်းကြောင့် နေရာသစ်သို့ ပြောင်းရွှေ့ခဲ့ရသူများကို ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများထပ်မံရှာဖွေပေးရန် လိုအပ်လျက်ရှိနေသေးသည်ဟု စီးပွားရေးပညာရှင်များက ထောက်ပြထားသည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သူ ဒေါက်တာသန်းသန်းသွယ်က "ဒေသခံတွေရဲ့ ထိခိုက်နစ်နာမှုအတွက် ကုစားပေးနိုင်မယ့် အစီအစဉ်တွေအများကြီးဆွဲထားတယ်။ စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရတဲ့ ဒေသခံတွေ နေရာသစ်ကိုရောက်ရှိပြီးတဲ့အချိန်မှာပဲ သူတို့ရဲ့စားဝတ်နေရေးနဲ့ စီးပွားရေးအခြေအနေ အရင်လိုရှိရဲ့လား။ ဘယ်လိုအခြေအနေရောက်နေလဲဆိုတာတွေ စစ်တမ်းကောက်ယူထားတယ်။ မူလဝင်ငွေအခြေအနေကို ပြန်လည်ရောက်ရှိစေမယ့် အစီအစဉ် (IRP)ကို အကောင်အထည်ဖော်ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းတွေ တက်ရောက်နိုင်အောင် စီစဉ်ပေးထားပါတယ်"ဟု ပြောသည်။

ပန်းရန်၊ သံချည်သံကွေးစသည့် ဆောက်လုပ်ရေးအလုပ်သမားများအဖြစ် ကျပန်းအလုပ်လုပ်ကိုင်နေကြသူများသည် ယင်းတို့တတ်မြောက်ပြီးသား ပညာရပ်များအတွက် အရည်အချင်း အသိအမှတ်ပြုလက်မှတ် certificate ရှိရန် မလိုဟု ထင်မြင်ယူဆနေကြသည်။

"သူတို့တွေက ဒီအလုပ်တွေနဲ့ ပတ်သက်ပြီး တတ်ပြီးသား။ certificate ရှိဖို့မလိုဘူး ထင်နေတယ်။ သင်တန်းမှာ ခိုင်းတဲ့အလုပ်တွေကို သူတို့လုပ်တတ်တယ်။ အိမ်တစ်လုံးတောင် ကောင်းကောင်းဆောက်တတ်တယ်ပြောတယ်။ အမှန်တော့ ကျွန်မတို့က သူတို့ကို ရေရှည်မှာ အလုပ်အကိုင်နဲ့ပတ်သက်ပြီး အသိအမှတ်ပြုလက်မှတ် (certificate) ရစေချင်တာပါ။ သက်မွေးမှုပညာနဲ့ပတ်သက်ပြီး အသိအမှတ်ပြုထားတဲ့ သင်တန်းဆင်းလက်မှတ်တွေရှိမှ နိုင်ငံခြားကုမ္ပဏီတွေ ဝင်လာလို့အလုပ်လျှောက်ရင် လွယ်လွယ်ကူကူရမှာ"ဟု မခိုင်ရွှေဝတ်ရည်က ရှင်းပြသည်။

ပြောင်းရွှေ့ခံ အိမ်ထောင်စု ၆၈ စုတွင် တစ်ဦးအပါအဝင်ဖြစ်သူ ကလေးလေးယောက်၏ ဖခင် ကိုသိန်းဇော်က "သင်တန်းမတက်ရင်လည်း အလုပ်ကရှိတယ်။ ကျွန်တော် သင်တန်းတက်ရင် မိန်းမနဲ့ကလေးတွေအတွက် အိမ်စရိတ်က ထောင်းလာမယ်။ ကျွန်တော်ပန်းရန်လုပ်တတ်တယ်။ ဒီကွက်သစ်စဖော်တော့ မြောင်းဖောက်တဲ့နေရာမှာ နေ့စားပြန်လုပ်တယ်။ အလုပ်နားတာ တစ်လရှိပြီ၊ လျော်ကြေးသိန်းခုနစ်ဆယ်မှာ အိမ်ဆောက်တာ သိန်းသုံးဆယ်ကုန်တယ်။ အိမ်တက်လုပ်တာနဲ့ ကလေးမီးဖွားတာနဲ့ဆိုရင် လက်ထဲမှာ ငါးသိန်းလောက်ကျန်သေးတယ်"ဟု လသားအရွယ်သားငယ်ကို ပိုက်ချီရင်းဆိုသည်။

ဒေသခံများတောင်းဆိုမှုကြောင့် လက်ရှိတက်ရောက်ရန် စီစဉ်ပေးထားသော သင်တန်းအများစုသည် စနေ၊ တနင်္ဂနွေပိတ်ရက်များတွင်သာ တက်ရောက်ရသော သင်တန်းများဖြစ်နေကြသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပန်းရန်၊ လက်သမား အစရှိသည့်သင်တန်းများ တက်ရောက်နိုင်ရန် ကမ်းလှမ်းမှုများရှိသော်လည်း ရွာသားများမှာ တနင်္လာနေ့မှ သောကြာနေ့အထိ တက်ရောက်ရသည့်သင်တန်းများကို တက်ရောက်လိုသည့် ဆန္ဒမရှိကြပေ။

"ယောကျ်ားကလည်း ကျန်းမာရေးမကောင်းတော့ အလုပ်ပင်ပင်ပန်းပန်း မလုပ်နိုင်ဘူး။ သင်တန်းတက်ဖို့ကျတော့လည်း သူနဲ့ဘယ်လိုမှမကိုက်ညီဘူး။ အလေးအပင်တွေလည်း မမနိုင်ဘူး။ ဒီပင်ပန်းတဲ့အလုပ်ကို သူမလုပ်နိုင်ဘူး။ သူက တောင်ယာပဲလုပ်တတ်တယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးပဲ လုပ်တတ်တာလေ။ ကျွန်မက စက်ချုပ်တတ်တယ်။ ဒါပေမယ့် ဇက်ကြောတက်တော့ ကိုယ့်အိမ်မှာ နားနားနေနေ အိမ်ဆိုင်ပဲဖွင့်တော့မယ်" ဟု မြိုင်သာယာကွက်သစ်တွင် ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချနေသူ မသင်းက ပြောသည်။

ပြောင်းရွှေ့ခံရွာသား ၉၀ ရာခိုင်နှုန်းခန့်မှာ အခြေခံပညာရေးနိမ့်ပါးကြသည်ကို စစ်တမ်းကောက်ယူရင်း တွေ့ရှိရသည်ဟု "မူလဝင်ငွေ အခြေအနေကို ပြန်လည်ရောက်ရှိစေမယ့် အစီအစဉ် **(IRP)**"၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

"သူတို့ရဲ့ ပညာရေးနိမ့်ပါးမှုကြောင့် တော်တော်လေးကို နားယောင်လွယ်ကြတယ်။ IRP အစီအစဉ်အရ ကျွန်မတို့ အကြံဉာဏ်ပေးတယ်။ အသက်မွေးဝမ်းကျောင်း ရပ်တည်နိုင်တဲ့ ပညာရပ်တွေ သင်ကြားကြဖို့ workshop တွေလုပ်ပြီး ရှင်းပြတယ်။ သီလဝါမှာ ကုမ္ပဏီတွေက အလုပ်ခေါ်ရင် အသိအမှတ်ပြုလက်မှတ်တွေရှိဖို့လိုမယ်။ ရွာသားတွေ သဘောပေါက်လာပြန်တော့လည်း တခြားတစ်ဖက်ဖက်က အမျိုးမျိုးသော စကားတွေကြောင့် အိမ်ထောင်စု ၆၈ စုမှာ သင်တန်းတက်နေတာ ၂၅ ဦးပဲ ရှိနေတယ်" ဟု နေရာသစ်တွင် အခြေချနေထိုင်ပြီဖြစ်သော်လည်း အနာဂတ်အတွက် အသက်မွေးဝမ်းကျောင်း ပုံစံအသစ်တစ်ခုကို ဆုံးဖြတ်ချက်မချနိုင်ကြောင်း လက်ထောက်စစ်တမ်းကောက်ယူသူ မခိုင်ရွှေဝတ်ရည်က ပြောပြသည်။

အုပ်ချုပ်ရေးမှူးသစ် ဦးမြင့်သူ၏ မြိုင်သာယာတိုးချဲ့ရပ်ကွက်ရှိ အိမ်အချို့သည် တံခါးများ ပိတ်ထားလျက်ရှိနေသည်။

"အခုပြောင်းရွှေ့လာသူတွေမှာ အိမ်ဆောက်ပြီး မနေကြဘဲငှားစားတာတွေလည်း ရှိပါတယ်။ အိမ်ငှားခက ဒီမှာတစ်လသုံးသောင်းလောက် ဈေးပေါက်တယ်။ အချို့လည်း ပေါင်၊ တချို့လည်းပြန်ရောင်းသွားကြတယ်။ အိမ်ကောင်းရင် သိန်း ၂၀၀ လောက်ရပြီး အနိမ့်ဆုံး သိန်း ၁၄၀ လောက် ပေါက်ဈေးဖြစ်နေတယ်။ အဆင်ပြေတယ်၊ မပြေဘူးဆိုတာက သီလဝါမှာနေထိုင်ခဲ့တဲ့ နဂိုမူလအခြေအနေပေါ် မူတည်ပြီး ပြန်ရတဲ့လျော်ကြေး အနည်းအများပမာဏ ကွာသွားတာ။ တချို့က သီလဝါမှာ ရွာနေပင်တိုင် မဟုတ်ဘဲ အခြားကနေပြောင်းလာပြီး ကျပန်းလုပ်ကိုင်စားသူတွေပါ။ ဒီတော့ သူတို့က အိမ်တန်ဖိုး လျော်ကြေးနဲ့ လူမှုခံစားခွင့်ပဲရတယ်။ ရွာနေပင်တိုင်တွေကတော့ စိုက်ပျိုးရေးလုပ်ခဲ့တယ်။ တကယ်နေခဲ့တယ်။ ဒီတော့ ထိုက်သင့်တာကို ပြန်ရတာပေါ့" ဟု လက်ရှိအခြေအနေကို ဦးမြင့်သူက သုံးသပ်ပြသည်။

အထူးစီးပွားရေးဇုန်စီမံကိန်းများ ပေါ်ပေါက်လာခြင်းဖြင့် မြေယာအငြင်းပွားမှုနှင့် ရွှေ့ပြောင်းမှုပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ ဒေသခံများ အသိပညာနည်းပါးလျှင် ဆုံးရှုံးမှုများ ပေါ်ပေါက်နိုင်သည်။ အလုပ်သမားများ၏ မူလအလုပ်အကိုင် အခြေအနေကို ထိခိုက်စေနိုင်သည်။ တစ်ဖက်တွင်လည်း ဒေသခံများသည် လက်ရှိအလုပ်အကိုင်ပုံစံများပြောင်းလဲသွားကာ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာမည်။ လျော်ကြေးငွေများကို အသုံးပြုပြီး ကိုယ်ပိုင်အလုပ်အကိုင်သစ်များ ရရှိလာနိုင်သည်။ အခြေခံအဆောက်အအုံနှင့် လူနေမှုအဆင့်အတန်းများ ပိုမိုကောင်းမွန်လာနိုင်သည်။ သက်မွေးသင်တန်းများကြောင့် အလုပ်အကိုင်အသစ်နှင့် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာမည်ဟု ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ Social Economic Zones (SEZs) and Sustainable Development သုံးသပ်ချက်တွင် ပါရှိသည်။

အထူးစီးပွားရေးဇုန်များသည်ရင်းနှီးမြှုပ်နှံမှုများအပေါ် များစွာဆွဲဆောင်နိုင်ပြီး စီမံကြောင့် ထိခိုက်ခံရသူများအား သင့်တော်သော စည်းမျဉ်းစည်းကမ်းနှင့် နည်းဥပဒေများအတိုင်း စီမံဆောင်ရွက်ပေးနိုင်မည်ဆိုပါက win-win situation ဖြစ်ပေါ် လာမည်ဖြစ်ကြောင်း ယင်းသုံးသပ်ချက်တွင် ပါရှိသည်။

## ပြည်တွင်းသတင်း

# မိုးညှင်းဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် ပြည်သူ့ကိုယ်စားလှယ်များက တောင်းဆို

**မိုးညှင်း မတ် ၂၂**

ကချင်ပြည်နယ်မိုးညှင်းဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် မိုးညှင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြတောင်းဆိုထားကြောင်း သိရသည်။ "တက္ကသိုလ်ဖြစ်ဖို့ လွှတ်တော်မှာ တင်ပြတောင်းဆိုထားပြီးဖြစ်ပါတယ်"ဟု မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောကြားသည်။

ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မိုးညှင်းဒီဂရီကောလိပ်သို့ ဝင်ခွင့်ရကျောင်းသားဦးရေ ၁၁၀၀ ရှိပြီး ယခုလက်ရှိပညာသင်ယူနေသော ကျောင်းသားဦးရေ စုစုပေါင်း ၂၃၉၄ ဦးရှိကြောင်း အဝေးသင်တက္ကသိုလ် (မိုးညှင်းဌာနခွဲ)တွင် ကျောင်းသား ကျောင်းသူ ၂၅၅၀ ရှိကြောင်း ကျောင်းအုပ်ကြီး ဒေါက်တာအောင်မင်းဝင်း ထံမှ သိရသည်။

"ယခုလက်ရှိ မိုးညှင်းဒီဂရီကောလိပ်မှာ ဘာသာရပ်ဌာနရှစ်ခုရှိပါတယ်။ တက္ကသိုလ်အဆင့်တိုးမြှင့်ပေးမယ်ဆိုလျှင် ဘာသာရပ်ဌာန ခုနစ်ခု ထပ်မံတိုးလာမှာဖြစ်ပါတယ်။ အလားတူ ကျောင်းသား ကျောင်းသူဦးရေလည်း ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ဆက်လက်၍ "ယခု ကချင်ပြည်နယ်မှာ တက္ကသိုလ်၊ ကောလိပ်ကိုးခုရှိတယ်။ ဗန်းမော်တက္ကသိုလ်ဆိုရင် ကျောင်းသား ကျောင်းသူ ၂၀၂၅ ဦးပဲရှိတယ်။ ကျွန်တော်တို့ မိုးညှင်းဒီဂရီကောလိပ်ထက်တောင် နည်းသေးတယ်။ ဒါကြောင့် မိုးညှင်းတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးသင့်ပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မိုးညှင်းဒီဂရီကောလိပ်သို့ မိုးညှင်းခရိုင်အတွင်းရှိ မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ အင်းတော်မြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိကြောင်း၊ ယခုအခါ မိုးညှင်းမြို့၌ တက္ကသိုလ်မရှိသဖြင့် မြစ်ကြီးနားတက္ကသိုလ်သို့ သွားရောက်ပညာသင်ကြားနေရသည့် ကုန်ကျစရိတ်သည် ကျောင်းသား မိဘများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း၊ အကယ်၍ မိုးညှင်းမြို့နယ်၌ တက္ကသိုလ်ဖွင့်လှစ်ပေးမည်ဆိုပါက ဒေသခံလူငယ်များသည် အိုးမကွာ၊ အိမ်မကွာ အဆင့်မြင့်ပညာရေးကို အပြည့်အဝသင်ကြားနိုင်ကာ ဒေသ၏လူမှုစီးပွားဘဝ ပိုမိုတိုးတက် စည်ပင်ဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သဖြင့် ဒေသခံပြည်သူများက တက္ကသိုလ်ရရှိရေးကို ဆန္ဒပြင်းပြလျက်ရှိကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

# သီပေါသီတဂူစက္ခုဒါနဆေးရုံ မျက်စိဝေဒနာရှင်များအား ကုသပေး

**သီပေါ မတ် ၂၂**

သီတဂူဆရာတော်ဒေါက်တာ ဉာဏိဿရဦးဆောင်ဦးရွက်ပြုလှူဒါန်းမှုနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တ ပညာသိရိအရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့် (၂၇)ကြိမ်မြောက်မျက်စိဝေဒနာရှင်များအား မတ် ၂၀ ရက်မှ ၂၃ ရက်အထိ သီပေါသီတဂူစက္ခုဒါန ဆေးရုံ၌ အခမဲ့ ခွဲစိတ်ကုသပေးသည်။

သီတဂူစက္ခုဒါန ဆေးရုံကြီးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များသာမက အခြားမြို့နယ်များမှ မျက်စိဝေဒနာရှင်များအား သီတဂူ စက္ခုဒါနဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ်အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်းခတ်ခြင်း စသည့်ပဏာမလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး အထွေထွေအထူးကု (မျက်စိဌာန) စစ်ကိုင်းသီတဂူဆေးရုံကြီးမှဒေါက်တာဒေါ်ခင်အေးမူနှင့်အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ရန် လိုအပ်သည့်ဝေဒနာရှင်များကို နံနက် ၈ နာရီမှ ညစနာရီအထိခွဲစိတ်ကုသပေးသည်။

ထို့အပြင် နယ်အဝေးကျေးလက်ဒေသများမှ လာရောက်ကုသကြသော ဝေဒနာရှင်များအား ဆရာတော်အရှင်ပညာသိရိက အိမ်အရောက် ခရီးစရိတ်နှင့်ထမင်းဟင်းလျာများကို အလှူဒါနပြုလျက်ရှိပြီး သဒ္ဓါကြည်လင်ပါရမီရှင်များ၏ လုပ်အားဒါန၊ ငွေကြေးဒါန၊ ပညာဒါနများ ပါဝင်ကူသိုလ်ယူလှူဒါန်းလိုပါကသီတဂူ စက္ခုဒါနဆေးရုံတော်ဖုန်း-၀၉-၅၂ ၇၈၁၇၃၊ ၀၉-၅၂၇၀၁၈၉၊ ၀၉-၅၀ ၇၀၄၄၂ တို့ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

*** ကျောဖုံးမှ**

ဟုယူဆရကြောင်း ပြောကြားသည်။ တရုတ်ဂြိုဟ်တုက တွေ့ရှိသော အရာဝတ္ထုမှာ ယခင်ကတွေ့ရှိသော သဲလွန်စများထက် ပို၍စိတ်ချရသဖြင့် ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် ပို၍စိတ်ဝင်စားလာကြပြီး ပို၍လည်း အားစိုက်ထုတ်လာကြကြောင်း ဒုတိယဝန်ကြီးချုပ် ဝါရန်ထရပ်စ်က သတင်းထောက်များကို ပြောကြားသည်။

ရှာဖွေရေးအဖွဲ့များမှ ထွက်ပေါ်လာသောသတင်းများအရ အိန္ဒိယအစိုးရက မိမိတို့၏ ဝေဟင်ပိုင်နက်အတွင်း ပျံသန်းသွားသော လေယာဉ်အရိပ်အယောင်တစ်ခုမှ မတွေ့ရသဖြင့် ယခုတရုတ်ဂြိုဟ်တု တွေ့ရှိသော သဲလွန်စမှာ ခိုင်မာမှုရှိကြောင်း မလေးရှားအာဏာပိုင်များကို ပြောကြားခဲ့သည်ဟု ဆိုသည်။ နောက်ဆုံးရရှိသော ဂြိုဟ်တုပုံရိပ်သဲလွန်စနှင့်ပတ်သက်ပြီး ဂျပန်၊ အိန္ဒိယနှင့် တရုတ်တို့က နောက်ထပ်လေယာဉ်များ ထပ်မံ စေလွှတ်လိုက်သလိုဩစတြေးလျနှင့် တရုတ်ရေတပ်သင်္ဘောများကလည်း နောက်ဆုံးသဲလွန်စတွေ့ရှိရာ အိန္ဒိယပင်လယ်ပြင်သို့ သွားရောက်နေပြီဖြစ်သည်။

မလေးရှားပို့ဆောင်ရေးဝန်ကြီးက ပျောက်ဆုံးလေယာဉ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း အရှိန်အဟုန်မြင့်တက်လာချိန်တွင် ရှာဖွေရေးတွင်ပါဝင်သော နိုင်ငံများ၏ အာရုံစိုက်မှုမှာ တစ်ခုတည်းဖြစ်နေကြောင်း၊ ယင်းမှာ ပျံသန်းရေးလမ်းကြောင်း နှစ်ခုလုံးအတွင်းရှိ ရှာဖွေနယ်နိမိတ်များကို လျှော့ချရန် ရရာနည်းလမ်းကို အသုံးပြုကြရေးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ပြောကြားသည်။

ထို့ပြင် မလေးရှားပို့ဆောင်ရေးဝန်ကြီးက တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာ၊ လာအို၊ ကာဇက်စတန်နှင့် ကာဂျစ္စတန်နိုင်ငံတို့၏ ဂြိုဟ်တုများ ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်သော သဲလွန်စ တစ်စုံတစ်ရာရှာဖွေဖမ်းယူရရှိခြင်း မရှိသေးကြောင်းကို အကြောင်းကြားလာပြီးဖြစ်ကြောင်း အတည်ပြုပြောကြားသည်။ တောင်ဘက်ပျံသန်းရေးလမ်းကြောင်းရှာဖွေရေးအဖွဲ့နှင့် ပူးပေါင်းရန် တရုတ်အစိုးရက နောက်ထပ် သင်္ဘောနှစ်စင်းကို ကပ္ပလီပင်လယ်မှ တောင်ဘက်ပျံသန်းရေးလမ်းကြောင်းသို့ စေလွှတ်ခဲ့ပြီး ယင်းလမ်းကြောင်းအတွင်း ရောက်ရှိနှင့်ပြီးဖြစ်သော တရုတ်သင်္ဘောငါးစင်းနှင့်အတူ ရှာဖွေရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြမည်ဖြစ်သည်။

ထို့အတူ တောင်အိန္ဒိယ ပင်လယ်ပြင်သို့ သွားရောက်မည့် တရုတ်လေတပ်မှ လေယာဉ်နှစ်စင်းမှာလည်း ပတ်သ်မြို့ရှိ တော်ဝင်ဩစတြေးလျလေတပ်စခန်းသို့ ရောက်ရှိနေကြပြီဖြစ်သည်။

မလေးရှား ပို့ဆောင်ရေးဝန်ကြီးက တောင်ဘက်ပျံသန်းရေး လမ်းကြောင်းရှိ ပင်လယ်ပြင်မှာ လေပြင်းတိုက်ခတ်မှု၊ လှိုင်းထန်မှုများရှိသည့်အပြင် ရေအနက်မှာလည်း ၁၁၅၀ မီတာနှင့် ၇၀၀၀ မီတာအကြား ရှိရာ ရှာဖွေကယ်ဆယ်ရေးသမားများအတွက် စိန်ခေါ်မှုကြီးဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။ ထို့ပြင် မလေးရှားပို့ဆောင်ရေးဝန်ကြီးက ပျောက်ဆုံးလေယာဉ်နှင့် မလေးရှားလေကြောင်း ထိန်းစနစ်အကြား ဆက်သွယ်ပြောဆိုချက်၏ မူလမှတ်တမ်းကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ လေ့လာသုံးသပ်နေကြကြောင်း၊ ယခုအခါ မလေးရှားအစိုးရသာမက ၎င်းတို့၏ မိတ်ဖက်နိုင်ငံများမှာ ကုန်ကျစရိတ်ကိုထည့်မတွက်ကြဘဲ ပျောက်ဆုံးလေယာဉ်တွေ့ရှိရေးကိုသာ အာရုံစိုက်နေကြလျက်ရှိရာ ဤသည်မှာ မလေးရှားနှင့် မိတ်ဖက်နိုင်ငံများအကြား အကောင်းဆုံးပူးပေါင်းဆောင်ရွက်မှုတစ်ရပ် ဖြစ်ကြောင်း ပြောကြားသည်။ **(ရိုက်တာ/ဆင်ဟွာ)**

**❁ ကျောဖုံးမှ**

၄၂ မိနစ်တွင် အော်စကာက စတုတ္ထမြောက်ဂိုးကို သွင်းယူခဲ့သည်။ ပထမပိုင်း၌ ချယ်လ်ဆီးက လေးဂိုးပြတ်အနိုင်ရနေခဲ့သည်။ ဒုတိယပိုင်း ၆၆ မိနစ်တွင် အော်စကာက ပဥ္စမဂိုးထပ်မံသွင်းပြီး မိုဟာမက်ဆာလက်က ၇၁ မိနစ်တွင် ချယ်လ်ဆီးအတွက် ခြောက်ဂိုးမြောက် သွင်းယူပေးကာ **(ယာပုံ)** ပွဲအပြီးတွင် ချယ်လ်ဆီးတို့ ခြောက်ဂိုးပြတ်ဖြင့်နိုင်ကာ ဇယားထိပ်၌ ရပ်တည်နိုင်ရေးအောင်ပွဲယူခဲ့သည်။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကိုဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ ၍လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လားရှိုးမြို့၌ မဟာဗုဒ္ဓဝင်ပြတိုက်ကြီးတည်ဆောက်မည်

**လားရှိုး မတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဗုဒ္ဓသာသနာ ပိုမိုပြန့်ပွားခိုင်မာစေရေးအတွက် မဟာဗုဒ္ဓဝင်ပြတိုက်အဆောက်အအုံကြီးကို လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ကြီးအတွင်း၌ တည်ဆောက်သွားမည်ဖြစ်သည်။

လားရှိုးမြို့၌ တည်ဆောက်မည့် အဆိုပါ မဟာဗုဒ္ဓဝင်ပြတိုက်ကြီးတွင် ဒေသခံဗုဒ္ဓဘာသာဝင်များနှင့် လူငယ်မျိုးဆက်သစ်များအနေဖြင့် ဗုဒ္ဓနှင့် ဗုဒ္ဓ၏မဟာဝင်ဖြစ်စဉ်တို့ကို စစ်မှန်စွာ သိရှိကြည်ညိုနိုင်ကြစေရေးအတွက် လည်းကောင်း၊ ဗုဒ္ဓနှင့်ဗုဒ္ဓဘာသာအကြောင်း လေ့လာသိရှိလို ကြသူများ မှန်ကန်စွာသိရှိနားလည် နိုင်စေရေးအတွက် လည်းကောင်း စနစ်တကျပြသရှင်းလင်းသွားမည်ဟု သိရသည်။

မကြာမီပေါ်ပေါက်လာတော့မည့် လားရှိုးမြို့ မဟာဗုဒ္ဓဝင်ပြတိုက်နှင့် ပတ်သက်၍ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တပုညနန္ဒက "ဒေသခံဗုဒ္ဓဘာသာဝင်တွေရော၊ ဗုဒ္ဓဘာသာအကြောင်း စင်စစ်မှန်မှန်သိလိုကြတဲ့ အခြားပုဂ္ဂိုလ်တွေအတွက်ပါ ရည်ရွယ်ပြီး ဒီမဟာဗုဒ္ဓဝင်ပြတိုက်ကြီးကိုတည်ဆောက်သွားမှာပါ။ ပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး မြေပုံအထောက်အထားပုံစံများ၊ ရုပ်ပုံရုပ်တုများကို ခေတ်မီစနစ်အသုံးပြုပြီး ပြသသွားမည့်အပြင် ဘာသာစကားအမျိုးမျိုးနဲ့ရှင်းလင်းပြောပြနိုင်မည့် သူများ ပါထားရှိသွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းမိန့်ကြားခဲ့သည်။

အဆိုပါ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်အတွင်း၌ တည်ဆောက်သွားမည့် မဟာဗုဒ္ဓဝင်ပြတိုက်အဆောက်အအုံသည် ခေတ်မီအဆင့်မြင့် နှစ်ထပ်အဆောက်အအုံကြီးဖြစ်ပြီး ကုန်ကျမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၂၀၀၀ ခန့် ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် အကြီးဆုံးမဟာဗုဒ္ဓဝင်ပြတိုက်ကြီးတစ်ခုဖြစ်၍ ပါရမီရှင် ကုသိုလ်ရှင်များအနေဖြင့် ဖုန်း-၀၈၂-၂၃၅၅၉၊ ၂၅၉၂၄ တို့သို့ ဆက်သွယ်၍ တစ်တပ်တစ်အား ပါဝင်လှူဒါန်း သာသနာပြုနိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# အဘိဇယဝံသမဟာမုနိရုပ်ပွားတော်အား ထိုင်းနိုင်ငံသို့လွှဲပြောင်းလှူဒါန်း

**တာချီလိတ် မတ် ၂၂**

မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် သွန်းလောင်းပူဇော်သော အဘိဇယဝံသမဟာမုနိ ရုပ်ပွားတော်မြတ်အား မတ် ၂၁ ရက် ညနေ ၄ နာရီခန့်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ လွှဲပြောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ အဘိဇယဝံသမဟာမုနိ ရုပ်ပွားတော်မြတ်ကို မတ် ၁၃ ရက်မှ ၁၅ ရက်(တပေါင်းလပြည့်နေ့) အထိ သုံးရက်တိုင်တိုင် သံဃာတော် ၁၀၈ ပါးဖြင့် ရင်ငွေ့တော်ခိုလှုံပြီး မတ် ၁၆ ရက်တွင် မန္တလေးမြို့မှ တာချီလိတ်မြို့သို့ ဆက်လက်ထွက်ခွာလာရာ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် အေးစေတီစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ လက္ခဏာသာမိဘိဝံသနှင့် တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် ဓမ္မိကာရာမကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဓမ္မနန္ဒာဘိဝံသ တို့အမှူးပြုသော သံဃာတော် ၁၀ ပါးက ပင့်ဆောင်တော်မူခဲ့ရာ မတ် ၂၁ ရက် မွန်းတည့်အချိန်တွင် ရောက်ရှိပြီး တာချီလိတ်မြို့ပေါ်အတွင်း လှည့်လည်အပူဇော်ခံပြီးနောက် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂) တံတားမှ ညနေ ၄ နာရီခန့်က လွှဲပြောင်းလှူဒါန်းခဲ့ရာ လွိုင်ဖက်လန်ပွန်း ကျောင်းထိုင်ဆရာတော်နှင့် တပည့်ဒါယကာများမှ ပင့်ဆောင်ကာ ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင် လန်ပွန်းမြို့တွင် ကိန်းဝပ်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် အဘိဇယဝံသမဟာမုနိ ရုပ်ပွားတော်မြတ်သည် ဉာဏ်တော်အမြင့် ၁၂ ပေ ၆ လက်မ အလေးချိန်ပိဿာ ၁၇၀၀ ရှိပြီး မန္တလေးမြို့ မြန်မာမှုကြေးသွန်းလုပ်ငန်း ဦးဝင်းမောင်နှင့် ဒေါ်ညွန့်မေ မိသားစုက ရက်ပေါင်း ၆၀ ကျော် သွန်းလောင်းခဲ့ရကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်း

**ချင်းရိုင် မတ် ၂၂**

မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ သံဃာတော်အပါး တစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂၂ ရက် နံနက် ၇ နာရီခွဲက ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ဖာဟိုယိုထင် လမ်းမကြီး၌ကျင်းပရာ **(ဝဲပုံ)** နိုင်ငံတော်သြဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော မြန်မာ-လာအို-ထိုင်းနိုင်ငံများမှ သံဃာတော်များ၊ ချင်းရိုင် ခရိုင်အုပ်ချုပ်ရေးမှူး နိုင်းချာ့ ချိုင်းဆဝမ်ဖုမ်းနှင့် တာဝန်ရှိသူများ၊ မြန်မာ-လာအို-ထိုင်းနိုင်ငံများမှ အလှူရှင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူးက ဗုဒ္ဓရုပ်ပွားတော်အား ဆီမီးနံ့သာထွန်းညှိပူဇော်ကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ကြွရောက်တော်မူလာကြသော သံဃာတော်အပါးတစ်သောင်းကို ဒါယကာ ဒါယိကာမများက နဝကမ္မအလှူငွေနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူကုသိုလ်ပြုကြသည်။

**မောင်ယဉ်ကျေး**

## အမျိုးသားပညာရေးဥပဒေကြမ်းကို အတည်ပြုနိုင်ရန် ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်အတွက် အချိန်မီပြဋ္ဌာန်းပေးရန် လိုအပ်သော အမျိုးသားပညာရေးဥပဒေကြမ်းအား နဝမအကြိမ် လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၌ အတည်ပြုနိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက လွှတ်တော်ရုံး အိုင်ဆောင် အမှတ်(၂) အပေါ်ထပ် ဥပဒေကြမ်းကော်မတီရုံးတွင် ကျင်းပရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းတို့က အစည်းအဝေးခေါ်ယူရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားပညာရည်မြင့်မားစေရေးအတွက် လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးတို့က ပြင်ဆင်ချက် ၃၂ ချက်ကို တင်သွင်းခဲ့ကြရာ ပညာရေးမြှင့်တင်မှုကော်မတီက ရှင်းလင်းတင်ပြခြင်း၊ သဘောထားရယူခြင်း၊ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာကော်မရှင်များက ဥပဒေပိုင်းဆိုင်ရာ အသုံးအနှုန်းပြင်ဆင်ခြင်း၊ ပညာရေးရည်မှန်းချက်၊ အခြေခံမူ၊ ပညာရေးကော်မတီဖွဲ့စည်းခြင်း၊ ပညာရေးစနစ်၊ သင်ကြားရေး၊ သင်ယူရေး၊ သင်ရိုးညွှန်းတမ်း၊ ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာတို့ကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင်နှင့် ကော်မတီဝင်များ၊ ပညာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဒေါက်တာမြဦးနှင့် ကော်မတီဝင်များ၊ ပြုပြင်ပြောင်းလဲရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်နှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပျော်ဘွယ်မြို့နယ်ရှိ အနန္တဇိနမာရ်အောင်စေတီ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူ

**ပျော်ဘွယ် မတ် ၂၂**

မန္တလေး တိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မိုးနံကုန်းအုပ်စု အုတ်ဆပွင်ကျေးရွာ သန္တိသုခကျောင်းတော်အတွင်း တည်ထား ကိုးကွယ်တော်မူသော အနန္တဇိနမာရ်အောင် ဆုတောင်းပြည့် စေတီတော်ကြီးအား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို မတ် ၁၅ ရက် နံနက်က အဆိုပါစေတီတော်၌ ကျင်းပရာ သန္တိသုခကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရဦးစီး၍ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များနှင့် စေတနာရှင်အလှူရှင်များက စေတီတော်ကြီးအား သုံးကြိမ်လှည့်ပတ်ပူဇော်ကာ အခမ်းအနားကို နံနက် ၇ နာရီခွဲတွင် စတင်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် စေတီတော်ကြီး၏ အဓိကအလှူရှင်ဖြစ်သည့် မိတ္ထီလာမြို့ ဝမ်းတော်ပြည့် တိုးချဲ့ရပ်ကွက်နေ ဦးသန်းငွေ-ဒေါ်ခင်စန်းနှင့် သားသမီးများ၊ စေတနာရှင် အလှူရှင်များက စေတီတော်ကြီးအား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို တင်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ကာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ **တင်မောင်လွင်**

## ကွန်ကရစ်လမ်းသစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲများကျင်းပ

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၈ နာရီတွင် အဆိုပါ လမ်းထိပ်ရှိ မုခ်ဦး၌ ကျင်းပသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ အရှည်ပေ ၄၂၀၀ ရှိပြီး နိုင်ငံတော် ထောက်ပံ့ငွေ ကျပ် ၄၂ သိန်း၊ အလှူရှင်သုံးဦးက လှူဒါန်းငွေကျပ် သိန်း ၁၈၀၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၇၈ သိန်း စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ကုန်ကျသည်။

ဆက်လက်၍ ကျုံကန်ကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ယင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှမျိုးအောင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

**ထည့်ဝင်လှူဒါန်း**

အဆိုပါ စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ငွေကျပ် ၁၀ သိန်း၊ အလှူရှင်ဦးသိန်းဇော်၊ ဦးနိုင်ဝင်းတို့က ငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူများက ငွေကျပ် ၁၀ သိန်း ထည့်ဝင်လှူဒါန်းခဲ့ပြီး စာကြည့်တိုက်မှာ အလျား ၂၅ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေရှိသည်။

**(ခရိုင် ပြန်/ဆက်)**

## စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီတွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၂**

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီနှင့် တိုက်ရိုက်ဆက်စပ်သည့်လုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များက ဒေသ၏ လိုအပ်ချက်များအား မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

အခွန်ဘဏ္ဍာပြည့်မှသာ
လှပမြန်မာ တည်ဆောက်နိုင်မှာ

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ပညာဒါနသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ရွှေပညာဒါန အခမဲ့သင်တန်း (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၈ နာရီက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်နှင့်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနာယက ဦးဘသန်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး လုံခြုံရေးပိုင်းဆိုင်ရာအကြောင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးအောင်မြတ်ဌေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ထွေးတို့က ပြောကြား၍ သင်တန်းသင်ယူမှုနှင့် ပတ်သက်ပြီး တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် **(အပေါ်ပုံ)**နှင့် အတွင်းရေးမှူး ဦးဝင်းမြင့်တို့က ရှင်းလင်းပြောကြားခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# လယ်မြေဧက ၁၀၀၀ ကျော်ကို အကျိုးပြုနေသည့် ရေရှင်နွားချောင်းဆည်နှင့် ကုက္ကိုနွားချောင်းဆည် အမြန်ပြီးစီးရေးဆောင်ရွက်

**ကလေး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တောင်ဘက် ရေရှင် အုပ်စုနှင့်ကုက္ကိုအုပ်စု တောင်သူလယ်သမားတို့ စိုက်ပျိုးရေးအတွက် အားထားရသည့် ရေရှင်နွားချောင်းဆည်နှင့် ကုက္ကိုနွားချောင်းဆည်တို့ကို ပြုပြင်ပြီးစနစ်တကျ ရေသွင်းရေထုတ်ပြုလုပ်နိုင်ရေးနှင့် အကျိုးပြုဧရိယာတိုးချဲ့နိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မတ် ၂၀ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

"ရေရှင်နွားချောင်း ရေထိန်းဆည်သည် ရေရှင်အုပ်စုမှာရှိတဲ့ လယ် ၃၃၃ ဧကကို ရေပေးဝေနေတဲ့ ဆည်ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးနှင့် လုပ်ထားတာပါ။ ပြီးခဲ့တဲ့ စက်တင်ဘာလ မိုးရာသီမှာပျက်စီးခဲ့ပါတယ်။ နောက်ပြီးတော့ ကုက္ကိုနွားချောင်းဆည်က တောင်သူတွေရဲ့ လယ်ဧက ၈၅၀ကို ရေပေးဝေနေတာပါ။ ဆက်ပြီး တိုးချဲ့မယ်ဆိုရင်တော့ ဧက ၂၀၀ခန့် တိုးချဲ့နိုင်ပါသေးတယ်။ ဒီဆည်တွေကို အမြန်ဆုံးပြုပြင်ပြီး ဆောင်ရွက်သွားရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်ကို ခံယူကာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမြန်ဆုံးပြီးစီးရေး စီစဉ်ပေါင်းစပ် ဆောင်ရွက်သွားပါမယ်"ဟု ဆည်မြောင်းဦးစီးဌာနမှ ဦးမြင့်သိန်းနိုင်က ပြောကြားသည်။

**သျှင်နေမင်း**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၃-၂၀၁၄

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | |
|---|---|
| ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား | ၆၇၈၀၀၀ |
| ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား | ၆၃၈၁၀၀ |
| မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား | ၆၈၉၂၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၅၅-၉၆၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၀-၁၃၄၂ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၀-၇၇၂ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၄-၃၀. ၅ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၄. ၃၂-၁၅ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၄၈-၁၅၇ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉-၂၉၉ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၅၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၂၉၅၀-၃၄၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၄၀၀-၃၀၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၇၀၀-၆၈၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၅၀၀-၁၆၅၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၃၀၀-၉၅၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၆၀၀၀-၉၅၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၅၀၀၀-၆၅၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ၁။ မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၆၅၀၀ |
| ၂။ ပေါ်ကျွဲ(အသစ်) | တစ်အိတ် | ၁၇၀၀၀ |
| ၃။ ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၃၀၀၀-၂၇၀၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၁၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၆၄၅ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၈၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၂၅၀-၁၃၀၀ |
| ၉။ အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၂၈၀-၆၃၀ |
| ၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး) | တစ်ပိဿာ | ၂၈၀၀ |
| ၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၁၀၀-၄၃၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၈၆၀-၉၀၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။**

ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ရမည်းသင်းမြို့ သက်တမ်းတိုစပါးမျိုးများ စိုက်ပျိုးခြင်းဖြင့် ဆည်၊ ကန်များမှ ရေကိုထိန်းသိမ်း

**ရမည်းသင်း မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအနီးရှိ လယ်ကွင်းသို့ မတ် ၁၉ရက် နံနက် ၈ နာရီတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် အဖွဲ့သည် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ရေရှားပါးသောဒေသဖြစ်သည့်အတွက် ရေလိုအပ်မှုသက်သာသော စပါးမျိုးများစိုက်ပျိုးခြင်း၊ ဆည်၊ ကန်များမှရေကို လေလွင့်မှု မရှိစေရန် စနစ်တကျအသုံးပြုရေး၊ သက်တမ်းတိုသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် လက်ငင်းအကျိုးခံစားရပြီး ငွေဝင်လွယ်သည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြရန် ဆွေးနွေးကြကြောင်း သိရသည်။

လက်ရှိစိုက်ပျိုးသောနွေစပါး သက်တမ်းတိုအထွက်တိုးပုလဲသွယ် စပ်မျိုးစပါးစိုက်ပျိုးခြင်းဖြင့် လက်ငင်းအကျိုးခံစားရပြီး ငွေဝင်လွယ်သည့် သီးနှံဖြစ်သည့်အတွက်တောင်သူများအား စိုက်ပျိုးရေးတာဝန်ရှိဝန်ထမ်းများက အကောင်အထည်ဖော်လျက် လက်တွေ့ပြသနေကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**


## မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## Myeik Future Development Public Co.,Ltd.
## ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myeik Future Development Public Co.,Ltd.) ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်အမှတ် ၅၇၂၃/၂၀၁၃-၂၀၁၄ (၅-၃-၂၀၁၄) ဖြင့် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ဤအများပိုင်ကုမ္ပဏီသည် မြိတ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေကွက်များကို စနစ်တကျဖော်ထုတ်ပြီး လမ်းတံတားများဖောက်လုပ်ခြင်း၊ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ အဆင့်မြင့်လူနေအိမ်ရာများဆောက်လုပ်ခြင်း၊ သင်္ဘောဆိပ်၊ ဆိပ်ခံတံတားနှင့် ကုန်တင်ကုန်ချစခန်းများတည်ဆောက်ခြင်း၊ ကုန်စည်သိုလှောင်ရုံများနှင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ လူနေပတ်ဝန်းကျင်အတွက် မရှိမဖြစ်လိုအပ်သော ဆေးရုံ၊ ဈေး၊ စာသင်ကျောင်း၊ ရုံးများတည်ဆောက်ပေးခြင်းနှင့် အများပြည်သူအပန်းဖြေနားနေနိုင်သော ပတ်ဝန်းကျင်များကိုဖန်တီးပေးခြင်း၊ ဆိပ်ကမ်းဝန်ဆောင်မှု၊ ကုန်လှောင်ရုံဝန်ဆောင်မှု၊ ရေမီးဖြန့်ဝေမှုစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

နောင်တွင် ကုမ္ပဏီအနေဖြင့် နိုင်ငံတော်အစိုးရမှချမှတ်ထားသော မူဝါဒများနှင့်အညီ တိုင်းရင်းသားပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် အစုရှယ်ယာရှင်ပြည်သူအများ ရေရှည်အကျိုးအမြတ်ရရှိစေမည့် စီးပွားရေးလုပ်ငန်းများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာနှင့်သက်ဆိုင်သော အသေးစိတ်အကြောင်းအရာများကို တရားဝင် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate of Commencement of Business) ရရှိပြီးနောက်တွင် ဆက်လက်အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

**မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myeik Future Development Public Co.,Ltd.) အမှတ် ၂၄၊ ကန်ဖျားလမ်းမကြီး (မဟာစည်သာသနာ့ရိပ်သာအနီး)၊ ရေပုန်းရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း-၀၅၉-၄၂၀၈၀၊ ဖက်စ်-၀၅၉-၄၂၈၅၆**



## ဒေါ်မေသန်းကြွယ်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုနွယ် ၁၂/မရက(နိုင်)၁၀၅၁၀၈ နှင့် မောင်သူရိန်လင်း ၁၂/မရက(နိုင်)၁၂၉၃၅၀တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မော်ဘီမြို့နယ်၊ သနွေပင်ကျေးရွာအုပ်စု၊ ထိန်စွန်း ၂ လမ်း၊ အမှတ် ၁၄၀ ရှိ လေးပင်သုံးခန်း သွပ်မိုးပျဉ်ကာ နေအိမ်မြေနှင့်အတူ အနောက်ဘက်တွင် ကပ်လျက်ရှိသော(အလျား×အနံ)ပေ (၁၂၅×၁၂၀)ခြံမြေတို့မှာ လက်ရှိနေထိုင်သော ဒေါ်မေသန်းကြွယ် ISN- ၅၁၁၇၈၀ နှင့် ဒေါ်ခင်ဌေး ISN-၅၁၁၇၈၄ ညီအစ်မနှစ်ဦးတို့က ပိုင်ဆိုင်ကြပါသည်။

ဒေါ်ခင်ဌေးမှာ ၂၈-၁၂-၂၀၁၂ရက်က ကွယ်လွန်သွားပါသဖြင့် အဆိုပါနေအိမ်ခြံမြေများမှာ ဒေါ်ခင်ဌေး၏သားသမီးများဖြစ်ကြသော ဒေါ်ယုယုနွယ်၊ မောင်သူရိန်လင်းတို့နှင့် ဒေါ်မေသန်းကြွယ်တို့မှာ အတူပူးတွဲပိုင်ဆိုင်ကြပါသည်။

သက်ဆိုင်သူများ ပစ္စည်းခွဲဝေမှုမပြုရသေး၍ တစ်ဦးတစ်ယောက်တည်းသဘောဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်းအပါအဝင် မြေကွက်ကိုခွဲစိတ်ခြင်း၊ မြေတိုင်းတာခြင်း၊ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြေပုံရာဇဝင်ကူးယူခြင်းစသည့် ကိစ္စရပ်များ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း ဒေါ်မေသန်းကြွယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်လေးမောင်(စဉ်-၇၁၈၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၅၀၊ A4 ၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**


**ပြည်သူ့ အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**


## ကန့်ကွက်နိုင်ပါသည်

အောက်စာရင်းပါပစ္စည်းပါ မြေနှင့်အိမ်တို့အား ပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူများဖြစ်ကြသည့် ဦးအောင်စောဦး ၁၁/မဥန(နိုင်)၀၁၄၆၁၁ နှင့် ဒေါ်သာနှင်းအေး ၁၁/မဥန(နိုင်)၀၁၄၅၆၉ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် သဘောတူသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ယင်းပစ္စည်းအပေါ် ပိုင်ရေးဆိုင်ခွင့် အရေးဆိုလိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အရောင်းအဝယ်ပြုလုပ်မည့် မြေနှင့်အိမ်စာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၇၀၀-က)၊အကျယ်အဝန်းအားဖြင့် ပေ(၂၀×၆၀)ရှိ နှစ်၆၀ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁ရပ်ကွက်၊ အနော်မာ(၁၆-၁)လမ်း၊ အမှတ်(၇၀၀-က)ဟု လိပ်စာခေါ်တွင်သော နေအိမ်အပါအဝင်နှင့်အထက်ပါမြေကွက်နှင့်တစ်ဆက်တည်းကပ်လျက်ရှိသောမြေကွက်အမှတ် ၇၀၀(ခ)မှ တရားဝင်မခွဲစိတ်ရသေးသည့်ပေ(၁၀×၆၀)အကျယ်အဝန်းရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်အေးနွဲ့** | **ဒေါ်စောယုဇာ** |
| **စဉ်-၆၇၁၁** | **စဉ်-၂၅၆၇၀** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၁၉၆၊ ပထမထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# အရှိန်လွန်သည့်ကား အကာအရံများကို ဝင်တိုက်

**ရန်ကုန် မတ် ၂၂**

မတ် ၂၁ ရက် နံနက် ၅ နာရီခွဲခန့်က ကြည့်မြင်တိုင်မြို့နယ်အတွင်း ဗားကရာလမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသည့် ခရီးသည်တင်တက္ကစီ A/--- (အဖြူရောင်)ယာဉ်သည် အထက(၁)ကျောင်းရှေ့အရောက်တွင် မောင်းနှင်လာသည့်အရှိန်ကို မထိန်းနိုင်ဘဲ ဘောဂရပ်ကွက်အဝင်လမ်းထိပ်ရှိ ကွန်ကရစ်တန်း (အကာအရံ)ကို ဝင်တိုက်မှုဖြစ်ခဲ့သည်။

ယာဉ်မှာ ရှေ့ညာဘက်တစ်ခြမ်းလုံးပျက်စီးသွားခဲ့ပြီး ရပ်ကွက်မှတာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတို့ရောက်လာသည်အထိ ယာဉ်မောင်းသူအား ရှာမတွေ့ခဲ့ကြောင်း သိရသည်။

၎င်းဖြစ်စဉ်ကို တိုက်အပေါ်ထပ်မှ မြင်တွေ့လိုက်သော အမျိုးသားတစ်ဦးက "ဝုန်းဆိုတဲ့ အသံကြားလို့ ထွက်ကြည့်တော့ ကားထဲက အမျိုးသားနှစ်ဦး ထွက်လာတယ်၊ ဘာမှတော့ ထိခိုက်ဒဏ်ရာရတာ မတွေ့ရဘူး၊ တစ်ဦးက ယာဉ်မောင်းနဲ့ တစ်ဦးက ခရီးသည်လား မသိဘူး၊ တစ်ဦးက တခြားတက္ကစီငှားထွက်သွားတယ်၊ တစ်ဦးက လမ်းလျှောက်ထွက်သွားတာကို တွေ့လိုက်ရတယ်"ဟု ဆိုခဲ့သည်။

ယာဉ်ကို ယာဉ်ထိန်းရဲနှင့်အတူ ရပ်ကွက်မှတာဝန်ရှိသူများက လမ်းနှင့်လွတ်ရာ လမ်းဘေးသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

**ကိုကြီးတင်**

# မိမိကိုယ်ကိုဓာတ်ဆီလောင်း၍ မီးရှို့မှုဖြစ်ပွား

**တောင်ငူ မတ် ၂၂**

တောင်ငူမြို့ (၁၈)ရပ်ကွက် ရန်ကုန်-မန္တလေး ပုံမှန်လမ်း၏ အနောက်ဘက်ခြမ်းရှိ စားသောက်ဆိုင်ရှေ့တွင် ၎င်းစားသောက်ဆိုင်မှ စားပွဲထိုးလုပ်သားသည် မတ် ၂၁ ရက် နံနက် ၉ နာရီက မိမိကိုယ်ကိုဓာတ်ဆီလောင်း၍ မီးရှို့မှုဖြစ်ပွားခဲ့ကြောင်း တောင်ငူမြို့အမှတ် (၁)ရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ အဆိုပါ စားသောက်ဆိုင်မှ စားပွဲထိုးလုပ်ကိုင်သူ ကိုမျိုး(ခ) မျိုးမင်းလှိုင် (၂၁နှစ်) ကေတုမတီမြို့သစ် တောင်ငူမြို့နယ်နေသူသည် ၎င်းစုဆောင်းအပ်နှံထားသည့် ငွေကိစ္စအဆင်မပြေမှုနှင့် ပတ်သက်၍ အိပ်ရာခင်းအား ခင်းထိုင်၍ စားသောက်ဆိုင်ရှေ့ရှိ မြေကွက်လပ်တွင် တစ်လီတာဝင် ဆံ့ရှိ ဓာတ်ဆီဘူးဖြင့် ခန္ဓာကိုယ်ပေါ်သို့ လောင်းချကာ မိမိကိုယ်ကို မီးရှို့ခဲ့ရာ အနီးပတ်ဝန်းကျင်ရှိသူတို့က ဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့ရကြောင်း သိရသည်။ မီးလောင်ဒဏ်ရာကြောင့် ကိုမျိုး(ခ)မျိုးမင်းလှိုင်မှာ ဆံပင်လည်ကုပ်၊ ရင်ဘတ်၊ နောက်ကျော၊

လက်နှစ်ဖက်၊ ခြေနှစ်ဖက်တို့တွင် အရေပြား မီးလောင်ဒဏ်ရာများ ရရှိခဲ့ပြီး အတွင်းလူနာ (မစိုးရိမ်ရ) ဒဏ်ရာများဖြင့် တောင်ငူပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူလျက်ရှိသည်။ အဆိုပါဖြစ်စဉ်ကို သက်ဆိုင်ရာမှ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(၁၂၃)**

# ကံပေါက်ရွာတွင် ဓားထိုးမှုဖြစ်

**စလင်း မတ် ၂၂**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အလယ်ဟန်ဒေါက်အုပ်စု ကန်ပေါက်ရွာတွင် ဓားထိုးမှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားပုံမှာ အလယ်ဟန်ဒေါက်ရွာနေ မောင်ရဲဝင်းလှိုင် (၂၆နှစ်)က ကန်ပေါက်ရွာနေ မောင်ဟန်ညွန့်(ခ) ဇော်လင်း (၂၉နှစ်)ကို နွားစာစဉ်းရာမှ အချင်းများပြီး ညာဘက်ချိုင်းအောက်ကို ဓားဖြင့် တစ်ချက်ထိုးလိုက်ရာ ဓားထိုးခံရသူ ဟန်ညွန့်မှာ နေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားသည်။

ဖြစ်ပွားရာ နေရာကို စေတုတ္တရာ ရဲစခန်းမှ ရဲအုပ်ငွေလွင်က သွားရောက်စစ်ဆေးပြီး ဓားဖြင့်ထိုးသူ ရဲဝင်းလှိုင်ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ရပ်ကွက်အတွင်း ရေနုတ်မြောင်းကို မိုးရာသီအမီပြုပြင်ပေးစေချင်

မကွေးတိုင်းဒေသကြီး အောင်လံမြို့ စမ်းချောင်းကွက်သစ် (ပြည်လမ်းအရှေ့ဘက်)က ရပ်ကွက်၏ အဓိက ရေနုတ်မြောင်းကို ပိတ်ဆို့၍ ရပ်ကွက်နေ အိမ်တစ်အိမ်က အုတ်တံတိုင်း အခိုင်အမာကာရံထားပါသဖြင့် ရေစီးရေလာပိတ်ဆို့ကာ ဘေးပတ်ဝန်းကျင်များသို့ ရေများဝင်ရောက်လျက်ရှိပါသည်။

ထိုသို့ ရေနုတ်မြောင်းကို ပိတ်ဆို့ထားသဖြင့် အနီးအနားပတ်ဝန်းကျင်တစ်ခုလုံးကို ရေများရောက်ပြီး လမ်းပျက်စီးနေပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အောင်လံသူ**

### နန္ဒဝန်ဈေးမျက်နှာစာရှိ အမှိုက်ပုံ ဖယ်ရှားပေးစေလို

တောင်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်ရှိ နန္ဒဝန်ဈေးကြီးမှာ တောင်ဥက္ကလာပမြို့နယ်၏ အထင်ကရဖြစ်ပြီး ရောင်းဝယ်ဖောက်ကားမှု အများဆုံးဖြစ်သော ဈေးကြီးတစ်ခုဖြစ်ပါသည်။ ထိုသို့ စည်ကားလှသော ဈေးကြီးကို ရုပ်ဆိုးအကျည်းတန်သောအချက်မှာ နန္ဒဝန်ဈေးဝင်ပေါက်မျက်နှာစာ "B" ရုံရှေ့ရှိ အမှိုက်ပုံကြီးဖြစ်ပါသည်။ ထိုအမှိုက်ပုံကြီးကို ဈေးဝင်ပေါက်နှင့် လွတ်ကင်းရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြလိုက်ပါသည်။

**အမှိုက်နံ့မခံနိုင်သော ဈေးသူဈေးသားများ**

### ရွာလယ်မှ သားသတ်လုပ်ငန်း ရွှေ့ပြောင်းပေးစေလို

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ချောင်းကူးကျေးရွာသည် အိမ်ခြေ ၅၀၀ ကျော်ရှိပြီး ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ အထက်တန်းကျောင်း၊ ဆေးခန်းနှင့် လူမှုရေးအသင်းအဖွဲ့များရှိသည့် ရွာကြီး တစ်ရွာဖြစ်သည်။

အဆိုပါလူနေရပ်ကွက်အတွင်း အိမ်တစ်အိမ်က သားသတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ နံနက်စောစောနေ့စဉ်နေ့တိုင်း ဝက်အော်သံများ ဆူညံစွာနားမချမ်းမြေ့စရာ ကြားနေမြင်နေရပါသဖြင့် ရွာအတွင်းရှိ အများပြည်သူများ စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရပါသည်။ သို့ဖြစ်ပါ၍ ၎င်းသားသတ်လုပ်ငန်းကို သင့်လျော်ရာသို့ ဖယ်ရှားပေးပါရန် တာဝန်ရှိသူများသို့ အသိပေးတင်ပြအပ်ပါသည်။

**ချောင်းကူးမောင်**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက်အမှတ် ၉/၃၊ အခန်းအမှတ် (၃၄)ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်မျိုးမျိုးထွန်း ၁၂/အစန(နိုင်)၁၁၆၆၁၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးအေး LL.B, D.B.L, D.M.L, D.I.L

WIPO,DL-101 Switzerland

(စဥ်-၈၅၅၈) (တရားလွှတ်တော်ရှေ့နေ)

အမှတ် ၁၁၇၆(လေးလွှာ/ဘီ)၊ သမာဓိလမ်း၊ မေတ္တာညွန့်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၅၃၅၈၂၇၀





ကန့်ကွက်နိုင်ပါကြောင်း





## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
## သယ်ယူပို့ဆောင်ရေးယာဉ်များဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် သယ်ယူပို့ဆောင်ရေးယာဉ်များကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | Truck 6 Ton Japan 100-IIO HP | 2 Nos |
| (ခ) | Mini Bus 4000 CC Japan | 1 No |
| (ဂ) | Mark II 2000 CC | 1 No |
| (ဃ) | Toyota Belta 1300 CC | 4 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၁-၃-၂၀၁၄ရက်မှ ၂၇-၃-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၄-၂၀၁၄ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်သည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၂၀၅၊၄၁၂၂၀၃**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၁၂၃၂၇**



## ဦးမောင်မောင်မြတ် ၁၂/ကမရ(နိုင်)၀၂၄၉၈၆ နှင့် အများသိစေရန်ကြေညာချက်

ဒေါ်စန်းစန်းမွန် ၁၂/လမတ(နိုင်)၀၂၅၈၉၂ နှင့် ဦးမောင်မောင်မြတ် ၁၂/ကမရ(နိုင်)၀၂၄၉၈၆ တို့သည် ၁၉၉၄ခုနှစ်တွင် လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ရာ သမီးနှစ်ဦးဖြစ်သည့် မရွှေယမင်းဦးနှင့် မကြာညိုသွယ်တို့ကို မွေးဖွားခဲ့ပါသည်။

ဦးမောင်မောင်မြတ်သည် အိမ်ထောင်ရေးဖောက်ပြားမှုပြုလုပ်ခဲ့ပြီး အရက်သေစာသောက်စား၍ ကျွန်မအား ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုပြုခဲ့သည်မှာ အကြိမ်ကြိမ်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးမောင်မောင်မြတ်၏ အရက်သေစာသောက်စားပြီး ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ခံနိုင်စွမ်းမရှိတော့သဖြင့် မည်သူတစ်ဦးတစ်ယောက်၏ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်းမျှမပါဘဲ မိမိ၏ဆန္ဒအရ နေအိမ်ပေါ်မှ ဆင်းသွားခြင်းဖြစ်ပါကြောင်း ဦးမောင်မောင်မြတ်နှင့် အများသိစေရန် ကြေညာခြင်းဖြစ်ပါသည်။

**ဒေါ်စန်းစန်းမွန်**
**၁၂/လမတ(နိုင်)၀၂၅၈၉၂**

နိုင်ငံတကာအားကစား

# ပြိုင်ဘက်နှစ်ဦးဖြစ်သည့်မန်ယူနဲ့မန်စီးတီးပွဲလာပြီ

မိုးမြင့်လင်းလက်

**ပရီမီယာလိဂ်ပွဲစဉ် ၂၉ လက်ကျန်ပွဲစဉ်တွေကို မတ် ၂၅ ရက်မှာ ယှဉ်ပြိုင်ကစားကြပါလိမ့်မယ်။ ဒီပွဲစဉ်တွေက ရင်ခုန်စရာဖြစ်နေပြီး မန်ယူနဲ့ မန်စီးတီးပွဲက ပရိသတ်တွေရဲ့ ရင်ကို ဆွဲကိုင်လှုပ်ယမ်းနိုင်ဆုံးဖြစ်ပါလိမ့်မယ်။ ဒါ့အပြင် အာဆင်နယ်ကလည်း ဆွမ်ဆီးကို အိမ်ကွင်းမှာ လက်ခံကစားရမှာ ဖြစ်တာမို့ ပွဲကောင်းအဖြစ် မြစ်တွေ့ရမှာ ဖြစ်ပါတယ်။**

**မန်ယူနှင့် မန်စီးတီး**

ပထမအကျော့မှာ မန်စီးတီးတို့က လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားတာမို့ အခုပွဲမှာ မန်ယူကွင်းမှာ အကြွေးဆပ်နိုင်မလား ကြည့်ရမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပွဲကြောင့် ပင်ပန်းနေတဲ့ မန်ယူတိုက်စစ်မှူးတွေဟာ အခုပွဲမှာ ဘယ်လောက်အထိ ညှစ်အားကောင်းမလဲ ကြည့်ရမှာဖြစ်ပါတယ်။ မန်စီးတီးဟာ တိုက်စစ်မှူး အဂူရိုပြန်လာရင်တော့ တိုက်စစ်က ထက်မြက်မှာ ဖြစ်တာမို့ မန်ယူတို့ သတိထားကစားရမှာပါ။ မန်ယူကွင်းမှာ မန်စီးတီးတို့ နိုင်ပွဲရအောင်ကစားနိုင်တာမို့ မန်ယူဟာ ဒီပွဲကိုပေါ့ပေါ့ဆဆကစားမှာ မဟုတ်ပါဘူး၊ ဒီပွဲမှာ မိုယက်စ်ရဲ့ နည်းဗျူဟာအပေါ် ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။ နိုင်ပွဲ လိုအပ်နေတဲ့ မန်ယူဟာ သုံးမှတ်ရအောင် ကစားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**အာဆင်နယ်နှင့် ဆွမ်ဆီး**

ပထမအကျော့ ဆွမ်ဆီးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားတဲ့ အာဆင်နယ်ဟာ အခုပွဲ အိမ်ကွင်းမှာ သေချာပေါက် အမှတ်ပြည့်ယူဖို့ ကြိုးစားပါလိမ့်မယ်။ ပြီးခဲ့တဲ့ သုံးပွဲတွေ့ဆုံမှုမှာ အာဆင်နယ်တို့ ရှုံးပွဲမရှိခဲ့ပါဘူး၊ အာဆင်နယ်ဟာ နောက်ဆုံး အိမ်ကွင်းသုံးပွဲကစားခဲ့တဲ့ ရလဒ်ကို ကြည့်ရင် ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကလွဲပြီး နိုင်ပွဲရယူခဲ့တာချည်းပါပဲ။

ဆွမ်ဆီးရဲ့ နောက်ဆုံးအဝေးကွင်းသုံးပွဲရလဒ်ကို ကြည့်ရင် တစ်ပွဲမှနိုင်ပွဲမရရှိခဲ့ပါဘူး။ ဒါပေမယ့် ဆွမ်ဆီးရဲ့ ရုန်းကန်အားက ကျေနပ်စရာကောင်းနေတာတော့ အမှန်ပါပဲ။

**နယူးကာဆယ်နှင့် အဲဗာတန်**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုရလဒ်ကို ကြည့်ရင် အဲဗာတန်က ရှုံးပွဲမရှိပါဘူး၊ နယူးကာဆယ်ဟာ ပြိုင်ဘက်တွေရဲ့ အကောင်းဆုံး ပုံစံမဟုတ်သေးပေမယ့် ကောင်းကောင်း ဒုက္ခပေးနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ခြေစွမ်းတိုးတက်လာတဲ့ အဲဗာတန်ဟာ နယူးကာဆယ်ကို ဂိုးမပေးရရေးကိုပဲ အားထုတ်သွားပါလိမ့်မယ်။

## နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၁)** — **မတ် ၂၃**

| | | | |
|---|---|---|---|
| စပါး | - | ဆောက်သမ်တန် | ည ၈း၀၀ |
| အက်စ်တွန်ဗီလာ | - | စတုတ်စီးတီး | ည ၁၀း၃၀ |

**အီတလီစီးရီးအေ ပွဲစဉ်(၂၉)** — **မတ် ၂၃/၂၄**

| | | | |
|---|---|---|---|
| ပါးမား | - | ဂျီနိုအာ | ညနေ ၆း၀၀ |
| အင်တာ | - | အတ္တလန္တာ | ည ၈း၃၀ |
| ဘိုလော့ဂ်နာ | - | ကက်ဂလီယာရီ | ည ၈း၃၀ |
| ဆမ်ဒိုးရီးယား | - | ဗီရိုနာ | ည ၈း၃၀ |
| အူဒီးနိစ် | - | ဆက်ဆူအိုလို | ည ၈း၃၀ |
| နာပိုလီ | - | ဖီအိုရင်တီးနား | ည ၁၂း၀၀ |
| ကာတာနီးယား | - | ဂျူဗင်တပ်စ် | နံနက် ၂း၁၅ |
| လာဇီယို | - | အေစီမီလန် | နံနက် ၂း၁၅ |

**စပိန်လာလီဂါ ပွဲစဉ်(၂၉)** — **မတ် ၂၃/၂၄**

| | | | |
|---|---|---|---|
| အိုဆာဆူနာ | - | ဆီဗီလာ | ညနေ ၅း၃၀ |
| ဘက်တစ် | - | အက်သလက်တီကို | ည ၁၀း၃၀ |
| ဗလင်စီယာ | - | ဗီလာရီးရဲလ် | နံနက် ၀၀း၃၀ |
| ရီးရဲမက်ဒရစ် | - | ဘာစီလိုနာ | နံနက် ၂း၃၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၆)** — **မတ် ၂၃**

| | | | |
|---|---|---|---|
| နူရင်ဘတ် | - | ဖရန့်ဖတ် | ည ၉း၀၀ |
| လေဗာကူဆင် | - | ဟော်ဖန်ဟိမ်း | ည ၁၁း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ်(၃၀)** — **မတ် ၂၃/၂၄**

| | | | |
|---|---|---|---|
| စိန့်အက်တီယန် | - | ဆိုးချော့စ် | ည ၇း၃၀ |
| ဂူအင်ဂမ့် | - | လိုင်ယွန် | ည ၁၀း၃၀ |
| မိုနာကို | - | လိုင်လီ | နံနက် ၂း၃၀ |

**မတ် ၂၂ ဂိုးရလဒ်များ**

| | | |
|---|---|---|
| လော်ရီယန့် | ၀-၁ | ပီအက်စ်ဂျီ |
| ဖရိုင်းဘတ် | ၃-၁ | ဝါဒါဘရီမင် |
| ဆယ်လ်တာဗီဂို | ၀-၂ | မာလာဂါ |

## မန်ယူဒါဘီပွဲ အဂူရိုမပါနိုင်

မန်စီးတီးထိပ်တန်းဂိုးသွင်းသမား ဆာဂျီယိုအဂူရိုသည် အင်္ဂါနေ့ မန်ချက်စတာ ဒါဘီပွဲတွင် တံကောက်ကြော ထိခိုက်ဒဏ်ရာရထားသဖြင့် ပါဝင်နိုင်ဦးမည် မဟုတ်ဟုဆိုသည်။

အသက် ၂၅ နှစ်ရှိ အဂူရိုသည် လွန်ခဲ့သော ကိုးရက်က ဘာစီလိုနာကို ရှုံးပြီး ဒဏ်ရာရခဲ့၍ အိုးထရက်ဖို့ဒ်၌ မန်ယူနှင့် ကစားရန် အခွင့်အလမ်းမရသေးကြောင်း နည်းပြပယ်လီဂရီနီက ပြောသည်။ အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုသည် ယခုနှစ်ရာသီတွင် ၂၆ ဂိုးသွင်းယူပေးထားသည်။

## မန်ပါစီ ချန်ပီယံလိဂ်နှင့် လွဲချော်

မန်ယူတိုက်စစ်မှူး ဗန်ပါစီသည် ဒူးခေါင်းဒဏ်ရာရရှိသွားသဖြင့် လေးပတ်နှင့် ခြောက်ပတ်ကြား အနားယူရမည်ဖြစ်သည်။ အသက် ၃၀ ရှိ ဒတ်ချ်ကစားသမား ဗန်ပါစီသည် ချန်ပီယံလိဂ်တွင် အိုလံပီယာကော့စ်ကို ဟက်ထရစ်ဂိုးသွင်းပေးပြီး ထမ်းစင်ဖြင့် ထွက်ခဲ့ရသည်။ ၄င်းသည် ဘိုင်ယန်မြူးနစ်နှင့် ကစားမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ် နှစ်ကျော့စလုံး လွဲချော်မည်ဖြစ်သည်။

## မီယာမီ တင်းနစ်ပြိုင်ပွဲ ဖက်ဒဲရားနှင့် ဂျိုကိုဗစ်နိုင်

အနိုင်ရ

မီယာမီ၌ ကျင်းပသော ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရော်ဂျာဖက်ဒဲရားနှင့် ဂျိုကိုဗစ်တို့ အဖွင့်ပွဲစဉ်များ အနိုင်ရခဲ့သည်။ နှစ်ကြိမ် ချန်ပီယံ ဖက်ဒဲရားက ခရိုအေးရှားမှ ကာလိုဗစ်ကို ၆-၄၊ ၇-၆ ဖြင့်နိုင်ခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်က အင်ဒီးယန်းဝဲလ်တွင် ဖက်ဒဲရားကို အနိုင်ရရှိသွားသော ဂျိုကိုဗစ်က ဂျာရီမီဂျတ်ဒီကို ၆-၄၊ ၆-၃ ဖြင့် နိုင်ခဲ့သည်။ လက်ရှိချန်ပီယံ အင်ဒီမာရေးက မက်သရူးအက်ဒင်ကို နိုင်ခဲ့သည်။

●● ကောင်းမြတ်သူ-စုစည်းသည် ●●

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

# ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီသို့ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

*၂၁ ရက်နေ့မှ အဆက်*

၁၅။ **ယင်းမာပင်မြို့အနောက်ဘက်တွင်ရှိသော ကုန်းရွာတွင် ကျေးရွာအစီအစဉ်ဖြင့် ယင်းမာပင်-ကုန်းရွာ-ဆင်စွယ်-ကပိုင်လမ်း ယမားချောင်းတံတားဆောက်လုပ်နေ၍ တံတားခံနိုင်ဝန်ကို ကွင်းဆင်းပြီး ကြည့်ရှုပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ၎င်းလမ်းမှာ စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်ကြောင်းနှင့် ကျေးရွာအစီအစဉ်ဖြင့် တည်ဆောက်လျက်ရှိသော ကုန်းရွာတံတားအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတားကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့စေလွှတ်၍ နည်းပညာကူညီပံ့ပိုး အကြံပြုဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အဆင်ပြေမည့်နေ့ရက်အား အကြောင်း ကြားပေးပါရန် ပြန်လည်ဖြေကြားအပ်ပါသည်။

၁၆။ **ရွှေဘို-ညောင်ပင်သာလမ်းသည် အကြီးစားပြင်ဆင်မှုပြုလုပ်ထားသော်လည်း မိုးရာသီရေကျော်၍ ပျက်စီးသွားပါသဖြင့် သွားလာရန်ခက်ခဲနေပါသည်။ ထို့ကြောင့် ရွှေဘို-ညောင်ပင်သာ လမ်းမကြီးအား ခေတ်မီနည်းစနစ်ဖြင့် အဆင့်မြင့် လမ်းမကြီးဖြစ်အောင် ဆောင်ရွက်မည့်အစီအစဉ်ရှိ/မရှိ၊ ၎င်းလမ်းမှာ ရွှေဘိုမှ ရေဦးသို့သွားလာရန် ခရီးမိုင်အတိုဆုံးလမ်းပိုင်းဖြစ်သဖြင့် လမ်းမကြီးဖြစ်အောင် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရွှေဘို-ညောင်ပင်သာလမ်းသည် တစ်နှစ်ပတ်လုံးဆည်ရေပိတ်ချိန် တစ်နှစ်လျှင် နှစ်လမှလွဲ၍ လမ်းဘေးဝဲ/ယာတွင် ဆည်ရေနှင့်ပြည့်လျှံလျက်ရှိကာ စိုက်ပျိုးရေးအတွက် အဓိကအားထားရသောလမ်းဖြစ်ပါသည်။ လမ်းအဆင့်မြှင့်တင်ရန်အတွက် ကျောက်ရိုးစီရေကာနံရံများ Box Culvert များ ရေကျော်များပြုလုပ်ပေးရန် လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လမ်းဘေး ဝဲ/ယာရေအမြဲတမ်းရှိနေသဖြင့်တစ်ဖက်နှင့်တစ်ဖက်ရေထူးပေါက်ပြီး ရေစိမ့်ဝင်မှုများ ဖြစ်ပေါ်ကာ လမ်းပျက်စီးလေ့ရှိသောကြောင့်ဖြစ်ပါသည်။ ၂၀၁၄ ဧပြီလမှစ၍ လမ်းအဆင့်မြှင့်တင်ရန် ပေ ၁၅၀၀ အရှည်ကျောက်ရိုးစီရေကာနံရံပြုလုပ်ရန် Box Culvert ငါးစင်း၊ တံတားတစ်စင်းတည်ဆောက်ပြီးမှသာ ကတ္တရာလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တိုင်းဒေသကြီး ရန်ပုံငွေ အတည်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၁၇။ **ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် တန်ပိုယာဉ်များနှင့် စစ်ဆေးရေးဂိတ်များအား တိတိကျကျစစ်ဆေး အရေးယူပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် တန်ပိုယာဉ်များနှင့် စစ်ဆေးရေးဂိတ်များအား တိတိကျကျဆောင်ရွက်နိုင်ရန်အတွက် သီးခြားစစ်ဆေးရေးအဖွဲ့များစေလွှတ်ပေးမည်ဖြစ်ကြောင်းနှင့် ကတ္တားများအလေးချိန်ကွဲလွဲနေခြင်းများကို စံကတ္တားသတ်မှတ်ရန်အတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၈။ **ရေဦး-ကလေးဝလမ်း(ရေဦးမှ တန့်ဆည်မြို့အထိ) လက်ရှိ ကတ္တရာလမ်းဟောင်းအားအဆင့်မြှင့်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ရေဦး-ကလေးဝလမ်း(ရေဦးမှတန့်ဆည်မြို့အထိ) လက်ရှိ ကတ္တရာလမ်းဟောင်းအား အဆင့်မြှင့်ပေးရန်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေတွင်မပါသေးသည့်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၉။ **ထန်ကုန်း-ကာဘိုးလမ်းမြေသားလမ်း(၁၃)မိုင်အား ရာသီမရွေးသွားလာနိုင်ရန်အတွက် အမာခံကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရေပွန်နှင့် Box Culvert များ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းနိုင်ရေးအတွက် ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၂၀။ **ရွှေဘို-မြစ်ကြီးနားလမ်းနှင့် ကသာ-အင်းတော်-မံစီလမ်းအား လမ်းအဆင့်မြှင့်တင်၍ ရေရှည်တည်တံ့အောင် ပြုပြင်ဆောင်ရွက်ထိန်းသိမ်းပေးပါရန်မေးမြန်းချက်နှင့်ပတ်သက်၍** ရွှေဘို-မြစ်ကြီးနားလမ်းနှင့် ကသာ-အင်းတော်-မံစီလမ်းအား ယခုအခါအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေရှည်တည်တံ့ရန်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းနှင့်အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ရန်ပုံငွေရရှိမှုအရ ဆောင်ရွက်ပေးသွားပါမည်။ လမ်းအသုံးပြုသူ ပြည်သူလူထုမှလည်း ခွင့်ပြုသော ယာဉ်အလေးချိန်အတိုင်းဖြတ်သန်းအသုံးပြုခြင်းဖြင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းပေးရန်လိုအပ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၁။ **ကသာမြို့တွင်းမိုင် ၁/၀-၃/၇ ထိ လက်ရှိ ဖုန်ထနေသော လမ်းပိုင်းအား ကတ္တရာလမ်း နှစ်လမ်းသွားအဖြစ် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ကသာမြို့တွင်းလမ်း မိုင် (၁/၀-၃/၇) ထိ အပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လမ်းလယ်ကျွန်းစနစ်ဖြင့် ၂၄ ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၂။ **အင်းတော်-ဗန်းမောက်ကတ္တရာလမ်း အင်းတော်မြို့အထွက် ချောင်းရေတိုက်စား၍ အဆိုပါနေရာကို အလျားပေ ၃၅၀ ရေထိန်းနံရံလုပ်ထားပြီးဖြစ်သော်လည်း ရေတိုက်စားမှု အန္တရာယ်ရှိနေပါသည်။ ရေထိန်းနံရံနောက်ထပ်တိုက်စားမှုကင်းဝေးနိုင်မည်ဖြစ်သောကြောင့်တိုးချဲ့ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကသာ-အင်းတော်-မံစီလမ်း မိုင် (၁၈/၂-၁၈/၃) ကြား၊ စင့်ဟောက်ချောင်း ပေ ၃၅၀ အရှည် ကျောက်စီနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၂၆ ဒသမ ၀၀ သန်းဖြင့် ဒုတိယသုံးလပတ်တွင် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထပ်မံတည်ဆောက်ရန်လိုအပ်သော စင့်ဟောက်ချောင်း ပေ ၃၀၀ အရှည် ၈ ပေအမြင့် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ် ၃၀ ဒသမ ၇၉၀ သန်းဖြင့် ပထမသုံးလပတ်တွင် ဆောင်ရွက်ရန်လျာထားချက်ကို တင်ပြတောင်းခံပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၃။ **ပင်ဟင်းခါးတောင်အတက် အန္တရာယ်များပြီး ယာဉ်တိမ်းမှောက်မှု မကြာခဏဖြစ်၍ ပမုံလမ်းဘက်တွင် ကွင်းလမ်းပြုလုပ်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ကသာ-အင်းတော်-မံစီလမ်း မိုင် (၅၂/၁) မှ (၅၃/၄)အတွင်း ၁ မိုင် ၃ ဖာလုံ ပင်ဟင်းခါးတောင်တက်လမ်းသည် လမ်းကျဉ်းသောနေရာဖြစ်ပြီး ကျောက်တောင်ကြောနေရာဖြစ်သောကြောင့် လမ်းချဲ့ရန်ခက်ခဲပြီး (ဗန်းမောက်-မံစီအပိုင်း)လမ်း၏ ဘယ်ဘက်အတက် အဆင်းပြေသောနေရာမှ လမ်းကြောင်းသစ်ရှာဖွေပြီး လမ်းပုံထုတ်အဖွဲ့ဖြင့် တိုင်းတာစစ်ဆေးကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လျာထားရန်ပုံငွေ တင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိပါက ဖောက်လုပ်သွားပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## (၆၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု စံပြ(၁)လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ ညောင်လေးပင်မြို့၌ကျင်းပ

**ညောင်လေးပင် မတ် ၂၂**

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော စံပြ(၁) လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ် မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ အခမ်းအနားတွင် စံပြ(၁) လမ်းအား မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးအမ်လှသောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကော်မတီဥက္ကဋ္ဌ ဦးလှကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည် ပေ ၁၄၈၀ရှိပြီး အကျယ် ၁၀ ပေရှိကာ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၂၉၉၃၄၀၅၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ပြည်ခရိုင်အတွင်းရှိ တရားသူကြီးများနှင့်တွေ့ဆုံ

**ပြည် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြည်ခရိုင်တရားရုံး၌ ပြည်ခရိုင်အတွင်းရှိ ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ် တရားသူကြီးများ၊ ဒုတိယမြို့နယ် တရားသူကြီးများနှင့် ဒုတိယဦးစီးမှူးတို့အားတွေ့ဆုံ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းကြရန်၊ စွဲဆိုလာသည့်မှုခင်းများကို မှန်မှန်နှင့်မြန်မြန်ပြီးပြတ်အောင် ကြိုးစားဆောင်ရွက်ကြရန် မိမိတို့၏ ရုံးများကို သန့်ရှင်းသပ်ရပ်မှုရှိစေရန် လုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကင်းဝေးအောင်လုပ်ဆောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ရွှေခင်း(ပြည်)**

### ဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် အနောက်ရပ်ကွက်နေ ဦးတင်ရွှေ (ဆင်မင်းဆပ်ပြာ)အား နိုင်ငံတော်သမ္မတကြီးမှ (သီရိသုဓမ္မဇာဓိဓောတဓရ) ဘွဲ့တံဆိပ်တော် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ သာသနာ့အားမာန်အပြည့်ဖြင့် သက်ရှည်ကျန်းမာစွာ ဆောင်ရွက်နိုင်ပါစေ-

**ဆရာ ဦးခင်မောင်အေးနှင့်**
**သံယုတ် သင်တန်းသူ/သင်တန်းသားများ၊**
**ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ သာသနာ့ဗိမာန်ဓမ္မာရုံ**
**(သံယုတ်စာဖြေဌာန)**

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ-၅၊ မြေကွက်အမှတ် ၄၀၆/က၊ မြေကွက်တည်နေရာအမှတ် ၄၀၆/က၊သရက်လမ်း၊(၉)ရပ်ကွက် ဦးတင်ရွှေ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးတင်ရွှေထံမှ အရပ်ကတိအရောင်း စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သန်းသန်းအေး ၁၂/စခန(နိုင်)၀၀၈၀၀၃က ပါမစ်မူရင်း တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၊ မြေကွက်အမှတ် ၂၆၉/ခ၊ မြေကွက်တည်နေရာအမှတ် ၂၆၉/ခ၊ ဗညားဒလလမ်း၊ ဦးရာဂျာထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်နွေးနွေးမြင့်ဟန် ၁၂/ရပသ(နိုင်)၀၇၆၅၀၁မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ် ၂၂X²၊ မြေကွက်အမှတ် V Class ၁၈၉၊ မြေကွက်တည်နေရာအမှတ် ၇၉၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ် ဦးလူမော် ၁၂/လမတ(နိုင်) ၀၂၈၆၁၈ အမည်ပေါက် နှစ်(၉၀)ဂရန် သက်ကုန်မြေအား အမည်ပေါက် ဦးလူမော်သည် (၁၂-၁၂-၂၀၀၉) ရက်တွင်လည်းကောင်း၊ မြေအမည်ပေါက်၏ဇနီး ဒေါ်ကြည်သည် (၈-၁-၁၉၉၈) ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် (၁) ဒေါ်နုနုမော်(ခ)ဒေါ်နုနုရီ ၁၂/လမတ(နိုင်) ၀၂၂၅၄၇၊ (၂) ဦးမြင့်ဦး ၁၂/လမတ(နိုင်)၀၀၇၈၈၄၊ (၃) ဒေါ်စုစုမော် ၁၂/လမတ(နိုင်)၀၀၇၈၃၃၊ (၄) ဒေါ်ဆွေဆွေမော် ၁၂/လမတ(နိုင်)၀၁၃၅၄၄ တို့ကသားသမီးများတော်စပ်ကြောင်းနှင့် ၎င်းတို့သာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ မိခင်၊ဖခင်သေဆုံးကြောင်း အထောက်အထား၊ ၂၀၀၃ခုနှစ်တွင် ဂရန်မူရင်းတင်ပြလျက် အပိုင်ပေးစာချုပ်ရန် မြေပုံမြေရာဇဝင်လျှောက်ထားခဲ့ပြီး ယင်းမြေပုံဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှပေးကမ်းခြင်းမပြုခဲ့ကြောင်း၊ ဂရန်မူရင်းနှင့် အဆိုပါ အပိုင်ပေးမြေပုံမူရင်းတို့ ပျောက်ဆုံးခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ထောက်ခံစာတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၁၊ မြေကွက်အမှတ် ၇အီး/၉-၂/က(၁) + ၇အေ/၃.၂/က(၁)၊ ဧရိယာ ၀ဒသမ၀၉၂ဧက၊ မြေကွက်တည်နေရာ အမှတ်၂၃ဒီ၊သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်ဝင်းစန္ဒာအောင်၊ ဒေါ်ဝင်းသန္တာအောင်တို့ထံမှ မြေပိုင်မြေအပြီးအပိုင်အရောင်း အဝယ်စာချုပ် ၇၇၀(၁၇-၂-၂၀၁၁)နှင့် မြေကွက်အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်သည့် စာချုပ် ၆၉၄၈(၂-၁၁-၂၀၁၁) တို့ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်ယဉ်ညိုမြင့် ၁၂/ကမရ(နိုင်)၀၅၀၅၇၉မှ အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/အေ၊ မြေကွက်အမှတ် ၃၁၀၊ မြေကွက်တည်နေရာအမှတ် ၁၅၇၊ သီရိ(၃)လမ်း၊ (၂) ရပ်ကွက် ဦးသိန်း အမည်ပေါက်၊ မြေအမျိုးအစား L မြေငှားဂရန်၊ ဧရိယာ ၀ ဒသမ ၀၉၅ ဧကရှိ မြေကွက်အား မြေအမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူသူဦးကိုကိုမောင်မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၉၀/၁၂ဖြင့် နှစ် ၉၀ဂရန်မြေကွက်ကို တရားလိုအား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၁/၂၀၁၃အရ တရားရုံးအမိန့်များတင်ပြ၍ ဒေါ်မွန်ရည်အေး (ဒုတိယဦးစီးမှူး)မှတရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ်၈/၇၄၊မြေကွက်တည်နေရာ အမှတ် ၂၆၂၊ စကားဝါလမ်း၊ နွယ်အေး ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျင်သိန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျင်သိန်း(ဖခင်)နှင့် ဒေါ်တင်ရွှေ (မိခင်)နှင့် သားဖြစ်သူ ဦးကျော်ဇင်မျိုး (လူပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်ချို ၁၂/ဒပန(နိုင်)၀၃၀၇၈၃နှင့် ဦးတင်စိုး ၁၂/ဒပန(နိုင်)၀၃၁၂၆၈တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများ တင်ပြ၍ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၅၂၈/ခ၊ မြေကွက်တည်နေရာအမှတ် ၅၂၈/ခ၊ မေတ္တာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဒေါ်စိန်ချစ်၊ ဦးမြသောင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဦးမြသောင်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်စိန်ချစ် ၁၂/ဥကတ(နိုင်) ၀၁၁၈၈၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၂၉၂၊ မြေကွက်တည်နေရာအမှတ် ၂၉၂၊ ၈လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်သန်းသန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းနှင့် ခင်ပွန်း ဦးမြင့်သိန်း ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်မော် ၁၂/ဥကတ(နိုင်) ၀၁၃၀၅၃၊ ဒေါ်မြင့်သိင်္ဂီ၁၂/ဥကတ(နိုင်)၀၁၃၂၃၇၊ ဒေါ်ကေသီခိုင် ၁၂/ဥကတ (နိုင်)၀၁၃၀၄၂၊ ဒေါ်ခင်သန္တာမြင့် ၁၂/ဥကတ(နိုင်)၀၁၃၂၃၈ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၂၊ မြေကွက်အမှတ် ၁၀၉၁၊ မြေကွက်တည်နေရာအမှတ် ၁၀၉၁၊ (၁၃၂) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဦးကျော်အုန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်အုန်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခင်ထံမှအရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအေးမင်းသိန်း ၉/မနတ(နိုင်) ၀၄၂၆၆၅ မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များဖြင့် တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဗန်းမော်-မန္တလေး ဧရာဝတီမြစ်ရေကြောင်း ကျပ်တည်းသော်လည်း မှန်လုံယာဉ်ကြီးများပြေးဆွဲ၍ကုန်စည်စီးဆင်းမှုအဆင်ပြေ

ဗန်းမော်-မန္တလေး ဧရာဝတီမြစ်ရေကြောင်း ကျပ်တည်းသော်လည်း မှန်လုံယာဉ်ကြီးများဖြင့် ကုန်ပစ္စည်းများ တင်ဆောင်သယ်ယူပို့ဆောင်သဖြင့် ကုန်စည်စီးဆင်းမှုအဆင်ပြေကြောင်းသိရသည်။

နိုင်ငံတော်အစိုးရသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ပေါ်မြေပြန့်အနှံ့အပြား မြန်ပြည်တစ်ဝန်းကားလမ်းများ ဖောက်လုပ်ပေးလျက်ရှိသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင် မန္တလေး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ဧရာဝတီမြစ်ရေ အနောက်ဘက်ခြမ်းတွင် မန္တလေး-မိုးညှင်း-မြစ်ကြီးနား မဟာဗျူဟာကားလမ်းမကြီးများကို ဖောက်လုပ်ပေးခဲ့သည်။

ဧရာဝတီမြစ်ရေ တိမ်ကောပြီး ရေလမ်းကြောင်းကျပ်တည်းရာသီတွင် နှစ်ထပ်ရေယာဉ်ကြီးများဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုအခက်အခဲရှိကြသော်လည်း မန္တလေး-ဗန်းမော်မဟာဗျူဟာ ကားလမ်းမကြီး အကျိုးကျေးဇူးကြောင့် ဗန်းမော်-မန်း-ရွှေလွန်းပျံ၊တက်နေလင်းမော်တော်ယာဉ်အသင်းများမှ ဗန်းမော်-မန္တလေး လူစီးသီးသန့်နှင့် ကုန်ပစ္စည်းတင်မှန်လုံယာဉ်ကြီးများနေ့စဉ် ပြေးဆွဲလျက်ရှိသည်။ ယာဉ်ထွက်ချိန်များမှာ မွန်းလွဲ ၁၂ နာရီခွဲ၊ ၂ နာရီ-၂နာရီခွဲနှင့် ညနေ ၄ နာရီခွဲတို့ဖြစ်သည်။ မန္တလေးမှ မွန်းလွဲ၁၂နာရီခွဲထွက်သောကားမှာ နောက်တစ်နေ့နံနက် ၆ နာရီတွင် ဗန်းမော်သို့ရောက်ရှိသည်။

မန္တလေး-ဗန်းမော်လူစီးသီးသန့် ယာဉ်စီးခတစ်ဦး ငွေကျပ် ၁၃၀၀၀၊ ကုန်ပစ္စည်းသယ်ယူခများမှာ ကြက်သွန်တစ်အိတ်ငွေကျပ်၄၀၀၀၊ ဂျပ်ဖာ(ကြီး)တစ်လုံးငွေကျပ်၃၀၀၀၊ ကွမ်းခြင်း(ကြီး)တစ်လုံးငွေကျပ် ၃၅၀၀နှင့် သေးတစ်လုံးငွေကျပ် ၂၅၀၀၊ နို့ဆီဂျပ်ဖာတစ်လုံးငွေကျပ်၁၀၀၀၊ စားသုံးဆီတစ်ပုံးငွေကျပ် ၁၀၀၀၊ အားလူးအိတ်တစ်လုံးငွေကျပ် ၄၀၀၀၊ ငါးခြောက်အိတ်ကြီးတစ်လုံး ငွေကျပ် ၇၀၀၀၊ အထည်အိတ်ကြီးတစ်လုံး ငွေကျပ် ၁၀၀၀၀၊ ကြွေပြားဂျပ်ဖာတစ်လုံးငွေကျပ်၁၀၀၀၊ ၅/၆အင်ဂျင်စက်တစ်လုံးငွေကျပ် ၇၀၀၀၊ ပြုန်းအိုး(အစုံလိုက်) ငွေကျပ် ၈၀၀၀ ဖြစ်ပါတယ်၊ နေ့စဉ်ထုတ်အစိုးရသတင်းစာများနှင့် ချောစာအိတ်တို့ကို အခမဲ့သယ်ယူပေးကြောင်း၊ ပြည်သူများအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများကို တစ်ရက်ခြားဖတ်ခွင့်ရနေကြပြီဖြစ်ကြောင်း ဗန်းမော်-မန်းဂိတ်မှူးကပြောသည်။

ရေလမ်းခရီးတွင် လူနှင့်ကုန်ပစ္စည်းများ စရိတ်ကုန်ကျသက်သာသော်လည်း ယခုကဲ့သို့ ရေလမ်းကြောင်းကျပ်တည်းသည့်ရာသီတွင် ခရီးသွားပြည်သူများ ကားများဖြင့် သွားလာမှုများပြားပြီး ဈေးသည်များမှ အချိန်မီရောင်းချမည့်ပစ္စည်းများကို ကားများဖြင့် တင်ဆောင်၍ သယ်ယူပို့ဆောင်ကြသဖြင့် ခရီးသွားလာမှု/ကုန်စည်စီးဆင်းမှုအဆင်ပြေကြောင်းသိရသည်။ **ဆီမီးခုံ-နန်းရီ**

## မြို့နယ်အဆင့်စာရင်းစစ် စာရင်းကောက်သင်တန်းများဖွင့်

**လယ်ဝေး**

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမြို့နယ်အဆင့် စာရင်းစစ် စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၈ နာရီက လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးချိုထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် မြို့နယ်အဆင့်စာရင်းစစ် စာရင်းကောက်သင်တန်း၌ စာရင်းစစ်ဆရာ ဆရာမ ၁၂၉ ဦး၊ စာရင်းကောက်ဆရာ ဆရာမ ၄၈၈ ဦး၊ အဖွဲ့အစည်းစာရင်းစစ် ၁၉ ဦး၊ စာရင်းကောက် ၁၉ ဦး စုစုပေါင်း ၆၅၅ ဦးဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဝိုင်းမော်**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မတ် ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းသို့ စာရင်းစစ်၊ စာရင်းကောက်၊ ဆရာ ဆရာမများ၊ တပ်ရင်းတပ်ဖွဲ့ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း သင်တန်းသားဦးရေ ၃၁၇ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၇ ရက်မှ ၂၂ ရက်ထိ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းနည်းပြဆရာ ၁၇ ဦးတို့က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများ ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကန်ပက်လက်**

မြို့နယ်အဆင့်ဌာနဆိုင်ရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို ကန်ပက်လက်မြို့ အမှတ်(၁) အမက(မူလွန်)၌ မတ် ၁၇ ရက် နံနက် ၆ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ စာရင်းစစ် စာရင်းကောက် ဆရာ ဆရာမများ စုစုပေါင်း ၁၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**မန်စီ**

မန်စီမြို့နယ်တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် စာရင်းစစ်၊စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မန်စီမြို့ အမက(၁)မူလွန်ကျောင်းခန်းမတွင် မတ် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မန်စီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဦးက အမှာစကားပြောကြားပြီး စာရင်းစစ်၊ စာရင်းကောက်သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## အောင်မင်္ဂလာအဝေးပြေးကွင်းအတွင်း၌ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးနိုင်ရန် ရုံးခွဲဖွင့်

**ရန်ကုန် မတ် ၂၂**

အောင်မင်္ဂလာအဝေးပြေးကွင်းအတွင်းရှိ အဝေးပြေးယာဉ်မောင်းများ၊ တက္ကစီယာဉ်မောင်းများ၊ စပယ်ယာလက်မှတ်ရောင်းများအား လိုင်စင်သက်တမ်းတိုးလိုပါက အောင်မင်္ဂလာရုံးဝင်းအတွင်းရှိ ကညန ယာဉ်မောင်းလိုင်စင်ရုံးခွဲတွင် လက်ခံဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မတ် ၂၀ရက်က ထုတ်ပြန်ထားချက်အရသိရသည်။ ထို့အပြင် ကနဦး မော်တော်ယာဉ်မှတ်ပုံတင်ခ ငွေပေးသွင်းသူများသို့ သိရှိနိုင်ရန် အသိပေးကြေညာချက်အရ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်စာရင်းများ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ငွေပေးသွင်းမှုများအား မတ် ၂၈ရက် မှ ၃၁ရက်အထိ ငွေလက်ခံဆောင်ရွက်ခြင်းကို ဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်းနှင့် အဆိုပါ ရပ်ဆိုင်းထားသည့် ရက်များအတွက် ငွေသွင်းရက်လွန်ခွင့်ပြုရက် ၁၄ရက်တွက်ချက်ရာတွင် ရေတွက်ခြင်းမပြုပါကြောင်းဖြင့် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို မတ် ၂၀ ရက်က ကြိုတင်အသိပေးထားကြောင်း သိရသည်။ **စိုးဝင်း(SP)**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈/၈၂၅၀ Isuzu G 1F L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆွေ ၅/ဝလန(နိုင်)၀၀၂၈၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ရွှေဘိုမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၇ယ/၄၂၇၀၃ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဖြိုးကျော် ၉/အမဇ (နိုင်)၀၃၀၉၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ယ/၃၇၇၇၃ Yamaha DT 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၉/အမရ(နိုင်)၁၁၂၈၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉၄/၂၉၀၁၇ Trawlergy (Forland) F/T (4 × 2) Dump Body ယာဉ်လက်ဝယ်ရှိသူ ရွှေထွန်းကုမ္ပဏီ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၈၄၉၁ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ထွန်း ၉/မရမ(နိုင်)၀၀၃၉၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၄၆၀၁၄ Honda C90 Custom CMV (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးချောင်စု ၁၂/ဥကမ(နိုင်)၁၂၄၀၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၆A၊ မြေကွက်အမှတ် V၂၂၊ မြေကွက်တည်နေရာအမှတ် ၁၁၁၊ ဌာနာလမ်း၊ ကြည့်မြင်တိုင် ဦးအောင်ရှိန် အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်ရှိန်နှင့် ဇနီး ဒေါ်သန်းညွန့်တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ရီရီသင်း ၁၂/ကမတ(နိုင်)၀၄၃၈၁၀၊ (၂) ဒေါ်ငြိမ်းရီ ၁၂/ကမတ(နိုင်) ၀၃၆၆၉၈ တို့က သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စံပြ၊ မြေကွက်အမှတ် ၁၄၊ မြေကွက်တည်နေရာ အမှတ် ၁၄၊ စံပြ ၈လမ်း၊ စံပြရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးတင်အောင်၊ ဦးတင်အေး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်အေး ၁၂/ဥကတ (နိုင်)၀၆၁၅၅၇က အမည်ပေါက်တစ်ဦး တည်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့အားတင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၃၀၇၊ မြေကွက်တည်နေရာအမှတ် ၃၀၇၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်ဦး CK-၀၁၉၆၀၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ဦးနှင့် ဒေါ်တင်မြိုင် ကွယ်လွန်သဖြင့် ဦးမိုးကျော်သန်း ၁၂/ဒလန(နိုင်)၀၀၂၃၃၅တို့က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်စံပြ၊ မြေကွက်အမှတ် ၉၆၊ မြေကွက်တည်နေရာ အမှတ်၉၆၊ ၅လမ်း၊ စံပြရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်အမာကြည်၊ဦးအေးမြင့်ဦး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်အမာကြည် ၁၂/သဃက(နိုင်)၀၅၄၀၅၄၊ ဦးအေးမြင့်ဦး ၁၂/သဃက(နိုင်)၀၅၇၄၆၇တို့က နှစ် ၆၀ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၈၁၈၊ မြေကွက်တည်နေရာအမှတ် ၁၈၁၈၊ (၁၅၀) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဒေါ်သိန်းလှ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်သိန်းလှ ၁၂/အစန(နိုင်) ၀၄၂၅၃၈ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၅၅၁၊ မြေကွက်တည်နေရာအမှတ် ၅၅၁၊ (၁၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဒေါ်အေးအေး) အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေး CF-၁၄၁၀၁၂ထံမှ ၂၀၀၃၄/၂၈-၁၀-၉၇ ဖြင့် အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြင့်ရွှေ ၁၂/ရကန(နိုင်)၀၃၈၇၁၆ မှ နှစ် ၆၀မြေငှားစာချုပ်(ဂရန်) ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အစိုးရသစ်လက်ထက်တွင် အစိုးရကဏ္ဍမှ လုပ်သားအင်အားသုံးသောင်းကျော် အလုပ်ရှာဖွေပေးနိုင်ခဲ့

**မန္တလေး မတ် ၂၂**

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင်၂၀၁၁ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လူဦးရေ ၁၀ သိန်းကျော်ကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ပြီး အစိုးရကဏ္ဍမှ လုပ်သားအင်အားပေါင်း သုံးသောင်းကျော် အလုပ်ရှာဖွေပေးနိုင်ခဲ့ကြောင်း ပထမအကြိမ် မန္တလေးတိုင်း ဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး(သတ္တမနေ့)မှ သိရသည်။

သစ်တောနှင့် သတ္တုဝန်ကြီးဌာနနှင့်ပတ်သက်သည့် ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၏ ဘွဲ့ရလူငယ်များ၏ အသက်ကာလအပိုင်းအခြားနှင့်အညီ နိုင်ငံ့ဝန်ထမ်းဖြစ်နိုင်ရေးစီစဉ် ဆောင်ရွက်ထားမှုရှိ/မရှိ သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ သစ်တောနှင့် သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးသန်းစိုးမြင့်က ပြန်လည်ဖြေကြားခြင်း ဖြစ်သည်။

အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အလုပ်ရရှိမှုဦးရေ ၁၂၈၆၀၀၀ ကျော် အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ပြီး ပြည်တွင်း အလုပ်အကိုင်ရရှိရေးတွင်နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ၊ အလုပ်ဌာနများတွင် လုပ်ကိုင်လိုသူများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ နိုင်ငံတစ်နိုင်ငံလုံးတွင် အလုပ်အကိုင်ရှာဖွေရေးရုံး (Labour Exchange Office) များ တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ ၉၁ ရုံးတွင်အလုပ်အကိုင် ရှာဖွေပေးလျက်ရှိကြောင်း ၎င်းက ပြောသည်။

"အလုပ်အကိုင် ရှာဖွေသူများ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာ အရည်အချင်းများအပြင် ရရှိထားသော ဘွဲ့အလိုက်ကိုလည်း မှတ်ပုံတင်ထားပေးပြီး အလုပ်အကိုင်အမျိုးမျိုး ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု သစ်တောနှင့် သတ္တုဝန်ကြီးဌာနဝန်ကြီးဦးသန်းစိုးမြင့်က ဆိုသည်။

ထို့ပြင် တစ်နိုင်ငံလုံးတွင်ရှိသည့် မြို့နယ်များကို ခြုံငုံမိခြင်းမရှိသေးသည့်အတွက် သက်ဆိုင်ရာနယ်မြေရှိဝန်ထမ်းများက Mobile Team ဖွဲ့စည်းပြီး မြို့နယ်များသို့သွားရောက် အလုပ်အကိုင် ရှာဖွေပေးနေခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အနေဖြင့် ပြည်တွင်း အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများ ခွင့်ပြုပေးပြီးအလုပ်အကိုင်ရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးနေကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

"အလုပ်ရှင်တွေနဲ့ အလုပ်အကိုင် ရှာဖွေသူတွေကို တိုက်ရိုက်တွေ့ဆုံခန့်ထားပေးတဲ့ (One Stop Service) အလုပ်အကိုင် အခွင့်အလမ်းပြပွဲ (Job Fair)တွေပြုလုပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာဖွေပေးနေပါတယ်"ဟု ၎င်းက ပြောသည်။

ဘွဲ့ရလူငယ်များအား ပြန်တမ်းဝင်အရာရှိအဆင့် လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဌာနများမှ သတ်မှတ်ထားသော ဘွဲ့များအလိုက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာနမှ ကြော်ငြာခေါ်ယူပေးကာ စာမေးပွဲကျင်းပပေးပြီး အောင်မြင်ပါက အရာရှိအဖြစ် အလုပ်ခန့်ထားပေးလျက်ရှိကာ အလုပ်အကိုင်ခန့်ထားရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲသွင်**

## မိတ္ထီလာတွင် လူမှုဖူလုံရေးအာမခံအလုပ်သမား ၈၀၀၀ရှိပြီး ၎င်းတို့အားလုံးကို လူမှုဖူလုံရေးစမတ်ကတ်များ ပေးအပ်မည်

**မိတ္ထီလာ မတ် ၂၂**

မိတ္ထီလာတွင် လူမှုဖူလုံရေး အာမခံအလုပ်သမား ၈၀၀၀ ခန့်ရှိပြီး ၎င်းတို့အားလုံးကို လူမှုဖူလုံရေးစမတ်ကတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း မတ် ၂၁ ရက်နေ့က မိတ္ထီလာတွင် ကျင်းပခဲ့သည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးရုံး၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်း မသန်စွမ်းမှုနှင့် ကျန်ရစ်သူလစဉ်ပင်စင်ခံစားနေသည့် အာမခံအလုပ်သမားများအား ငွေလုံးငွေရင်း ပင်စင်ပေးအပ်ပွဲအခမ်းအနားမှသိရသည်။ငွေလုံးငွေရင်း ပင်စင်ခံစားရရှိသူ အာမခံအလုပ်သမား ၁၀ဦးအားပင်စင်ငွေစုစုပေါင်း ၉၇၀၂၇၃၁ ကျပ်၊ ဆေးကုမှုခံယူရသူ အာမခံအလုပ်သမား တစ်ဦးအား ဆေးဖိုးပြန်အမ်းငွေကျပ် ၈၀၀၀၀ တို့ကို ယင်းအခမ်းအနားတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ထို့ပြင် အခမ်းအနားသို့ တက်ရောက်လာသည့် လူမှုဖူလုံရေး အာမခံအလုပ်သမားများအား လူမှုဖူလုံရေးစမတ်ကတ်များကို ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ပေးအပ်ခဲ့ကြောင်း သိရသည်။

လာမည့်ဧပြီလတွင် စတင်ကျင့်သုံးမည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအားညွှန်ကြားရေးမှူး ဦးသန်းအောင်က ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် အာမခံအလုပ်သမားများနှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ အလုပ်ရှင်များက သိလိုသည်များကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်ခင်မျိုးမြင့်ဦးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ချမ်းသာ (မိတ္ထီလာ)**

## ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာခြောက်ရွာအား လျှပ်စစ်မီးရရှိစေရန် ဆက်လက်ဆောင်ရွက်နေ

**ဝမ်းတွင်း မတ်လ ၂၂**

ဝမ်းတွင်းမြို့နယ်တွင် ကျေးရွာပေါင်း ၅၃ ရွာ လျှပ်စစ်မီးလင်းနေပြီဖြစ်ပြီး ဘုရားစုကျေးရွာအုပ်စု၊ ဒိုင်ကောင်းကုန်း ကျေးရွာအုပ်စုနှင့် ဘုရားဖြူကျေးရွာအုပ်စုတို့၏ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းသစ်ဖွင့်လှစ်ပြီးနောက် ကျေးရွာခြောက်ရွာကိုလည်း လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘုရားစုကျေးရွာအုပ်စု ဒိုင်ကောင်းကုန်းကျေးရွာအုပ်စုနှင့် ဘုရားဖြူကျေးရွာအုပ်စုတို့၏ ကိုယ့်အားကိုယ်ကိုး ဓာတ်အားလိုင်းသွယ်တန်းမှုကို ၂၀၁၂ ခုနှစ် ဇူလိုင်လမှစတင်၍ မီးလင်းရေးကော်မတီ အဖွဲ့များဖွဲ့စည်းပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း ကျေးရွာအုပ်စု မီးလင်းရေးကော်မတီများနှင့် ရွှေရောင်ခြယ်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်၍ ဝမ်းတွင်း မြို့နယ်မှ ၁၁ ကေဗွီအေဓာတ်အားလိုင်းဖြင့် ရွာရှည်ကျေးရွာထိ ၁၀မိုင်ခန့်ကို စတင်လုပ်ကိုင်ခဲ့ရာ လျှပ်စစ်ဓာတ်အားလိုင်းများ အားလုံး သွယ်တန်းပြီး ကျေးရွာအုပ်စုသုံးအုပ်စု အတွင်းရှိကျေးရွာ ၁၃ ရွာစလုံး လျှပ်စစ်မီးလင်းနေပြီဖြစ်သည်။

ကျေးရွာ ၁၃ ရွာတွင်ဒစ်ဂျစ်တယ် လျှပ်စစ်မီတာအလုံးပေါင်း ၇၂၀ ကို တပ်ဆင်ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသော အိမ်ထောင်စုများအတွက်လည်း လျှပ်စစ်မီတာများ တပ်ဆင်နိုင်ရေး လျှောက်ထားလျက်ရှိကြောင်း သိရသည်။

ယခုဓာတ်အားလိုင်းသစ် သွယ်တန်းသော ကျေးရွာအုပ်စု သုံးအုပ်စု အတွင်းရှိ ကျေးရွာ ၁၃ ရွာတို့သည် မိတ္ထီလာ- မန္တလေးကားလမ်းဘေးတွင် ကပ်လျက်တည်ရှိသော ကျေးရွာများဖြစ်၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အပြင် ယခုကဲ့သို့ လျှပ်စစ်မီးရရှိသည့်အတွက် အိမ်တွင်းစက်မှုလုပ်ငန်း လုပ်ကိုင်ကြမည် ဖြစ်ကြောင်းနှင့် ထိုကဲ့သို့အိမ်တွင်းစက်မှုလုပ်ငန်းများ တိုးတက်လာပါက ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ဒိုင်ကောင်းကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသာဇံက ပြောကြားသည်။

ဘုရားစုကျေးရွာအုပ်စု၊ဒိုင်ကောင်းကုန်းကျေးရွာအုပ်စုနှင့် ဘုရားဖြူကျေးရွာအုပ်စုတို့၏ လျှပ်စစ်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က ဒိုင်းကောင်းကုန်းကျေးရွာ၌ကျင်းပခဲ့သည်။ **ရွှေလှိုင်**

## သတင်းတိုများ

### မိုင်းယုမြို့နယ်ခွဲတွင် ၂၄နာရီ မီးလင်းရေး ရေအားလျှပ်စစ်ဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့နယ်ခွဲတွင် ၂၄ နာရီ မီးရရှိရေးရေအားလျှပ်စစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က မြို့မရပ်ကွက် ဘောလုံးကွင်းအနီး၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားလိုင်းကို မိုင်းဖြတ်နဂါးသတ္တုတူးဖော်ရေးကုမ္ပဏီမှ အထူးဒေသ ကျိုင်းခမ်းမြို့ ရေအား လျှပ်စစ်စက်ရုံမှတစ်ဆင့် ၁၀၀ ကေဗွီအေနှင့် ၁၆၀ကေဗွီအေစက်ရုံငယ်များ ပြန်လည်တည်ဆောက်ပြီး မိုင်းယုမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ လျှပ်စစ်ဓာတ်အား ၂၄နာရီ ဖြန့်ဝေသွားမည်ဖြစ်ပြီး၊ ယခုနှစ်ကုန်ပိုင်းတွင် မိုင်းယောင်းမြို့နယ်သို့ ဆက်လက်သွယ်တန်း ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ **ဝေယံလင်း**(iprd)

### ပန်းရန်လက်သမား လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်လှစ်

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်၊ လက်သမား စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို မတ် ၁၉ ရက်က 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်စိုးက ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအပေါ် တည်မှီကြောင်း၊ အများပြည်သူအကျိုး သယ်ပိုးဆောင်ရွက်ခြင်းသည် မိမိ၌ တန်ပြန်အကျိုးခံစားရမည်ဖြစ်သည်ဟု ဆိုသည်။သင်တန်းကို ဖာလင်ကျေးရွာအုပ်စု၊ ဖာတဲကျေးရွာအုပ်စုတို့မှ သင်တန်းသား ၄၀ တက်ရောက်ပြီး မတ် ၂၉ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၅၁၆၀၉ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးဖရီခန်း ၉/မနမ(နိုင်)၀၂၅၉၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၃၄၄၊ ဧရိယာ ၀ဒသမ ၀၅၇၈ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးအောင်ကြည် ၁၂/ဥကတ(နိုင်)၀၅၆၇၀၄ နှင့် ဒေါ်တင်လှ ၁၂/ဥကတ(နိုင်)၀၅၆၂၇၂ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးအောင်ကြည်ကွယ်လွန်သဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်လှထံမှ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်များကို ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိန်ရီ** B.Sc, D.A, R.L (စဉ်-၁၀၃၆)
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် -၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄**

**အများသိစေရန်သတိပေးကြေညာချက်**

